
mgyoe.com
SAMPLE BOOK

# JAMES BOWEN

## The World According to Bob

သင့်လူ




mgyoe.com

. mgyoe.com
SAMPLE BOOK

# The World According to Bob

**JAMES BOWEN**



K0331

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် နှင့် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အတွင်းပုံနှိပ် အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဘဌေးကြည်
တန်ဖိုး - ၂၈၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# The World According to Bob

by

JAMES BOWEN

# ဘော့ပ်ချစ်တဲ့ကမ္ဘာ

သင့်လူ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## 'ဘော့ပ်ချစ်တဲ့ကမ္ဘာ' နှင့် ပတ်သက်၍

အထွေအထူးတော့ ပြောစရာ မရှိပါ။

ခုစာအုပ်ဟာ လေလွင့်ကြောင် (A street cat named Bob)ရဲ့ အဆက် ဘော့ပ်ချစ်တဲ့ကမ္ဘာ(The world according to Bob)။ လေလွင့်ကြောင်မှာ ဘော့ပ်နဲ့ ဂျိမ်းစ်ဘိုဝင် စတင် ဆုံစည်းချိန်ကနေ မူးယစ်ဆေး အစားထိုး မက်သာဒုန်းကို အပြတ် ဖြတ်ပြီး ဘစ်အစ်ရှူး ရောင်းတဲ့ အလုပ်ရ၊ သူ့အမေရှိတဲ့ ဩစတြေးလျကို သွားတဲ့နေရာမှာ ဇာတ်သိမ်းထားတယ်။ ဘော့ပ်ချစ်တဲ့ ကမ္ဘာကတော့ အဲဒီက ပြန်စတာပဲ။ နောက်ဆုံး စာအုပ်ရေးဖြစ်ပြီး စာအုပ် လက်မှတ်ထိုးပွဲ လုပ်နိုင်တဲ့ ပန်းခင်းလမ်း ကာလထိ ပါတယ်။

အဲဒီ ကြားထဲမှာ ဂျိမ်းစ်ဘိုဝင် ရုန်းကန်ခဲ့ရတဲ့ ကိစ္စတွေ၊ ဖြစ်ခဲ့တဲ့ အဖြစ်သနစ်တွေဟာ မနည်းလှဘူး။ တကယ်တော့လည်း 'လေလွင့်ကြောင်'နဲ့ 'ဘော့ပ်ချစ်တဲ့ ကမ္ဘာ' နှစ်အုပ်ဟာ တစ်ဆက်တည်းပါပဲ။ ရုပ်ရှင်ရိုက်တော့ နှစ်အုပ်လုံးကို ဇာတ်ညွှန်းလုပ်ပြီး ရိုက်ထည့်လိုက်တာ။ ဒါကြောင့် ရုပ်ရှင်ထဲပါတဲ့ နောက်ပိုင်း အခန်းတွေဟာ လေလွင့်ကြောင်ထဲက မဟုတ်ဘဲ ဘော့ပ်ချစ်တဲ့ ကမ္ဘာထဲက ဖြစ်နေတာပေါ့။

ဒီစာအုပ်နှစ်အုပ်လုံးမှာ ဝါစာကမာ ပလီပလာ ဖွဲ့နွဲ့ရေးထားတာ တစ်ခုမှ မပါပါဘူး။ အရင်းအတိုင်း အမှန်အတိုင်း ဖြစ်ခဲ့သမျှကို ရိုးရိုးလေး ပြန်ရေးထားတာပါပဲ။ ဘိုဝင်ဟာ လမ်းပေါ်က ဘဝတွေကို စိတ်ပျက်တယ်၊ လမ်းပေါ်မှာ မနေချင်ဘူး၊ ရုန်းထွက်နိုင်အောင် ကြိုးစားတယ်၊ ကံအလှည့် အပြောင်းကြောင့် အခါအခွင့်သင့်တဲ့ အတွက် သူ အောင်မြင်သွားခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါဟာ ဘော့ပ်ကြောင့်လို့ သူ စွဲစွဲမြဲမြဲ ယုံတယ်။ သူတို့နှစ်ယောက် လမ်းပေါ်က လူတွေ အဆင်ပြေစေဖို့ တတ်နိုင်သမျှ ကြိုးစားရင်း နေကြတယ်။ ဒါကြောင့်မို့ ဒီနှစ်အုပ်ပြီးတဲ့အခါ သူတို့ ဇာတ်လမ်း ပြီးပါပြီ။ ကျန်တဲ့ စာအုပ်တွေက ကလေးတွေ ဖတ်ဖို့ ပုံပြစာအုပ်တွေပါ။

'လေလွင့်ကြောင်'ကို နှစ်သက်တဲ့ ပုဂ္ဂိုလ်တိုင်း 'ဘော့ပ်ချစ်တဲ့ကမ္ဘာ' ကို နှစ်သက်ကြပါလိမ့်မယ်။

သင့်လူ

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

## ကိုယ်စောင့်နတ်

မှားပြီးရင်း မှားနေတဲ့ အမှားသံသရာ ဆိုက်ရောက်ရာ နေ့များထဲက တစ်နေ့မှာပေါ့။

နှီးစက်နာရီက မမြည်ဘူး။ အိပ်ရာက မနိုးဘူး။ အဲဒီတော့ ကျွန်တော်နဲ့ ဘော့ပ် ဘစ်အစ်ရှူးရောင်းဖို့ရန်အတွက် တော့တင်ဟမ်ကနေ အစ္စလင်တန်ကို သွားဖို့ ဘတ်စ်ကားမီအောင် သုတ်ခြေတင်ရတယ်။ အခြေအနေ မကောင်းရာကနေ အဆိုးဆုံးဖြစ်ဖို့ရန် ငါးမိနစ်အလို ဆိုပါတော့။

ဘတ်စ်ကားပေါ်ရောက်တော့ ဘော့ပ်ဟာ ထုံးစံအတိုင်း ကျွန်တော့် ဘေးခုံမှာ အိပ်တစ်ဝက် နိုးတစ်ဝက် ခွေလိုက်လာရင်း ရုတ်တရက် ခေါင်းထောင်ပြီး ပတ်ဝန်းကျင်ကို မသင်္ကာသလို လိုက်ကြည့်နေတယ်။ စတွေ့ချိန်ကနေ ခုထိ နှစ်နှစ်ကျော် ကာလအတွင်းမှာ အန္တရာယ်ရန့်ကို သိနိုင်တဲ့ ဘော့ပ်ရဲ့ ဆဋ္ဌမအာရုံ အစွမ်းကို ကျွန်တော် ကောင်းကောင်းသိပြီးသား။ ခဏနေတော့ ကားထဲမှာ ညှော်နံ့တွေ တထောင်းထောင်း ရလာတယ်။ တုန်လှုပ်နေတဲ့ ဒရိုင်ဘာဟာ ခရီးစဉ် ဖျက်သိမ်းတယ်လို့ ကြေညာပြီး ကျွန်တော်တို့အားလုံးကို ကားပေါ်က ချက်ချင်း ဆင်းခိုင်းတယ်။

mgyoe.com

mgyoe.com

ဘတ်စ်ကားကို စွန့်ခွာရတာဟာ မြုပ်လုလု တိုက်တန်းနစ်ပေါ်က ဆင်းရသလောက်တော့ မခက်ဖူးပေါ့။ ဒါပေမဲ့ လေးပုံ သုံးပုံလောက် လူပါတဲ့ ဘတ်စ်ကား ဆိုတော့ လူတွေဟာ ကြောက်လန့်ပြီး အတင်းတွန်းကြ တိုးကြနဲ့ ရုတ်ရုတ်သဲသဲ ဖြစ်တာပေါ့။ ဘော့ပ်ဟာ ပျာယီးပျာယာပုံစံမျိုး ဖြစ်မနေဘူး။ ဒါကြောင့် ကျွန်တော်တို့ အတင်းတိုးဝှေ့မနေဘဲ နောက်ဆုံးမှ ဆင်းလိုက်တယ်။ ဒါ အင်မတန် ဉာဏ်ကြီးတဲ့ ဆုံးဖြတ်ချက်ပဲ။ တစ်ကားလုံး မီးခိုးငွေ့နဲ့ ထွက်နေပေမယ့် ကားထဲမှာက နွေးတယ်လေ။

ဆောက်လက်စ အဆောက်အအုံသစ်တစ်ခုရဲ့ရှေ့မှာ ကားက ရပ်သွားတာ။ စိမ့်နေအောင် အေးတဲ့လေက မပြတ်တမ်းတိုက်နေတော့ တစ်ကိုယ်လုံးကို ရေခဲကျောပွတ်နဲ့ ရိုက်နေသလိုပဲ။ အခန်းကထွက်ခါနီး ဘော့ပ်လည်ပင်းမှာ သိုးမွေး စကတ်ပဝါထူထူလေး စည်းပေးမိခဲ့လို့ တော်သေးတယ်။

ကားက အင်ဂျင်အပူလွန်တာပါ။ ဒါပေမဲ့ ဒရိုင်ဘာက ဘတ်စ်ကားကုမ္ပဏီ ကားပြင်ဆရာကို စောင့်ရမယ်ချည်း ပြောနေတယ်။ လူနှစ်ဒါဇင်လောက်ဟာ ပွစိ ပွစိနဲ့ အတွန့်တက်ရင်း အေးခဲနေတဲ့ ပလက်ဖောင်းပေါ်မှာ အစားထိုးပေးမယ့် ကားအလာကို နာရီဝက်လောက် ရပ်စောင့်ရတယ်။

ဒီမနက် ကားပိတ်ချက်ကတော့ ကြောက်စရာကောင်းလောက်အောင်ပဲ။ လမ်းပေါ်မှာတင် တစ်နာရီခွဲလောက်အချိန်ကုန်ပြီးမှ အစ္စလင်တန်ဂရင်းကို ရောက်တယ်။ အင်မတ္တိအင်မတန်ကို နောက်ကျနေပြီ။ မဂ္ဂဇင်း အရောင်းရဆုံးအချိန်ဖြစ်တဲ့ နေ့လယ်စာစားချိန်ကို လွတ်လုလွတ်ခင် ဖြစ်နေပြီ။

အိန်ဂျယ်မြေအောက်ဘူတာဆီ ချီတက်ရတဲ့ ငါးမိနစ်လောက် လမ်းလျှောက်ခရီးဟာ ထုံးစံအတိုင်းပါပဲ။ သွားလိုက် ရပ်လိုက်ပေါ့။ တစ်ခါတလေ သူ့ကို ထိန်းကြိုးဆွဲပြီး လမ်းလျှောက်ခိုင်းပေမယ့် အများအားဖြင့်တော့ ဘော့ပ်ဟာ ကျွန်တော့်ပခုံးပေါ်ကနေ ပင်လယ်ပြင်ကို မျှော်ကြည့်နေတဲ့ မာလိန်မှူးကြီးစတိုင်နဲ့ သာသာယာယာ လိုက်တာပဲဗျ။ ဒီလို မြင်ကွင်းမျိုးက လူတွေအဖို့ နေ့တိုင်း တွေ့နေကျမဟုတ်တော့ ဆယ်ကိုက်လောက် လျှောက်လိုက်၊ တစ်ယောက်ယောက်က သူ့ကို ဟယ်လိုလုပ် ပွတ်သပ်ဖို့၊ ဓာတ်ပုံရိုက်ဖို့ရပ်ပေးလိုက်နဲ့ပေါ့။ ကျွန်တော့်အဖို့တော့ ဒါဟာ ဒုက္ခမဟုတ်တော့ပါဘူး။ ဘော့ပ်ဟာ ချစ်မွေးပါတဲ့၊ လူခင်တဲ့ အကောင်လေ၊ သူ့ကို ချစ်ကြခင်ကြတာကို သူသဘောကျတယ်။ ဒါပေမဲ့လည်း အမြဲတမ်း ချစ်ကြခင်ကြမယ်လို့ အာမခံထားတာမှ မဟုတ်ဘဲလေ။

mgyoe.com

m gyoe.com
SAMPLE BOOK

ပထမဆုံး သေးသေးကွေးကွေး ရုရှအမျိုးသမီးကြီးတစ်ယောက်နဲ့ ဆုံရတယ်။

'ဟား… လှလိုက်တဲ့အကောင်ကြီးပဲ' လို့ သူပြောပါလေရော၊ အစ္စလင်တန်ဂရင်း တောင်ဘက်က စားသောက်ဆိုင်တွေ၊ ဘားတွေ၊ ရှေးဟောင်းပစ္စည်းဆိုင်တွေရှိတဲ့ ကမ်မဒန်လမ်းကြားမှာ သူနဲ့ဆုံတာ။ သူ စိတ်တိုင်းကျ ဘော့ပ်ကိုချော့မြှူနိုင်ဖို့ ကျွန်တော်တို့ ရပ်ပေးလိုက်တယ်။ ဒါပေမဲ့ အဘွားကြီးဟာ ဘော့ပ်ကို နှာခေါင်းကိုင်ဖို့ စကြိုးစားတယ်။ ခက်လိုက်တာနော်။

ဘော့ပ်ဟာ မွှားဝါးဝါးဆိုတဲ့ အသံမျိုးကြီးပေးရင်း ကုန်းထတယ်။ အဘွားကြီးလက်ကို ပုတ်ချလိုက်တယ်။ မကုတ်မိတာ အတော်ကံကောင်းတာ။ ဘွားတော်ကြီးဟာ မထင်မှတ်ဘဲ ခံလိုက်ရတော့ ကတုန်ကယင်တောင် ဖြစ်သွားရှာတယ်။ ဒါနဲ့ပဲ သူ့ကို ချော့ရပြန်တာပေါ့။

"အိုကေ… အိုကေ၊ ငါက ခင်ချင်တာပါ ကြောင်လေးရာ"

ဖြူဖပ်ဖြူရော် မျက်နှာကြီးနဲ့ သူပြောတယ်။ သူက အသက်ကြီးလှပြီ။ နှလုံးရောဂါ ထဖောက်မလားတောင် စိုးရိမ်ရတယ်။ ဒါကြောင့် ကျွန်တော်မျက်နှာကို အရှင်ဆုံးပြုံးပြီး အယဉ်ကျေးဆုံးစကားကို ဆိုရတယ်။

"တိရစ္ဆာန်တွေကို အဲလို စမကိုင်ရဘူးခင်ဗျ၊ တစ်ယောက်ယောက်က အဒေါ့်မျက်နှာကို ရုတ်တရက်လာကိုင်ရင် မကြိုက်ဘူး မဟုတ်လား၊ သူတို့လည်း အဲသလိုပေါ့ ခင်ဗျ၊ မကုတ်မိတာ ကံကောင်းတယ်ဗျာ"

"အင်း… ငါလည်း သူ့ကို စိတ်အနှောင့်အယှက်ဖြစ်ဖို့ မရည်ရွယ်ပါဘူးဟယ်"

ဟုတ်ပါတယ်၊ ကျွန်တော် သူ့အတွက် စိတ်တောင် မကောင်းဘူး။ ဒါနဲ့ပဲ သူတို့နှစ်ယောက်ကြား ငြိမ်းချမ်းရေးအကျိုးတော်ဆောင် လုပ်ရတယ်။

"ကဲ… နှစ်ယောက်သား မိတ်ဆွေဖြစ်အောင် နေကြနော်"

ဘော့ပ်က ပထမတော့ ခပ်ချေချေပဲဗျ။ နောက်တော့လည်း စိတ်လျှော့လိုက်တယ် ထင်တယ်။ အပွတ်အသပ်ခံနေတယ်။

အဘွားကြီးလည်း ဘော့ပ်ကို ပွတ်သပ်ရင်း–

"စိတ်မကောင်းပါဘူးကွယ် တောင်းပန်ပါတယ်နော်" လို့ ထပ်ကာထပ်ကာ ပြောနေတယ်။

"ကဲ…ရပြီနော်"

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျွန်တော်တို့ သွားရတော့မယ်လေ။ အချိန်က ကုန်လှပြီ။

စခန်းချရာ မြေအောက်ဘူတာကိုရောက်တော့ ခင်းစရာရှိတာခင်းကျင်း၊ နေရာယူ၊ ဘစ်အစ်ရှူးတွေ ရောင်းဖို့ပြင်ရတာပေါ့။ ဒီနေ့တော့ နှစ်ဒါဇင်လောက် ရအောင်ရောင်းမှ ဖြစ်မယ်။ ငွေလိုနေပြန်ပြီလေ။

ခဏနေတော့ ထင်တိုင်းမပေါက် ဖြစ်ရပြန်တယ်။

မဂ္ဂဇင်းတစ်စောင်မှ မရောင်းရသေးခင်ကို မနက်ကတည်းက အုံ့မှောင် ညှိုရီနေတဲ့ ကောင်းကင်ဟာ မိုးတွေ သွန်ချပြီး ကျွန်တော့်ကို ပညာပြတဲ့ အတွက် အမိုးအကာအောက် ခိုဝင်ကြရတယ်။

ဘော့ပ်ဟာ အကြမ်းပတမ်းခံတဲ့အကောင်ပေမဲ့ ခုလိုအေးစိမ့်နေတဲ့အချိန် ရွာချတတ်တဲ့မိုးကိုတော့ အော့ကြောလန်အောင် မုန်းတဲ့ကောင်။ သူဟာ ကြုံ့ဝင် သွားသလိုပဲ။ အရောင် တောင်အတော်မှိန်သွားတယ်။ တချို့လူတွေက သူ့ကို ပွတ်သပ် ချော့မြှူနေကြလို့ မဂ္ဂဇင်းနည်းနည်းပါးပါးတော့ ရောင်းရပါတယ်။

မိုးက တိတ်မယ့်ပုံ မပြလေလေ ဘော့ပ်ဟာ ဒီနေရာမှာ မနေချင်တဲ့ လက္ခဏာတွေ ပြလေလေပေါ့။ ကုတ်တယ်၊ ခြစ်တယ်၊ ဘောလုံးကြီးလို ခွေနေပြတယ်။ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ပိတ်ရက်က နီးလာပြီဆိုတော့ စားဖို့သောက်ဖို့ ငွေရှိမှ ဖြစ်မယ်လေ။ ခု ဘာမှ မည်မည်ရရ မရောင်းရသေးဘူး။

ဒီလောက်နဲ့ မပြီးသေးဘူးခင်ဗျာ။ နေ့လယ်လောက်ကျတော့ ရဲအရာရှိ ခပ်ငယ်ငယ်တစ်ယောက်က ကျွန်တော့်ကို မေးလား မြန်းလား စစ်လား ဆေးလား လုပ်ပြန်တယ်။ ဒီလို မသင်္ကာမှုနဲ့ အမေးခံရတာဟာ ကျွန်တော့် အတွက် ပထမဆုံးအကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်လည်း မဟုတ်ဘူး ဆိုတာ သိနေပါတယ်။ ဥပဒေကို ကျွန်တော် နားလည်ပါတယ်။ ဒီနေရာမှာ မဂ္ဂဇင်းကို တရားဝင် ရောင်းခွင့်ရှိတယ် ဆိုတာလည်း သိပါတယ်။ အများပြည်သူကို အနှောင့်အယှက် မဖြစ်စေဘူးဆိုရင် မိုးလင်းကနေ မိုးချုပ်ထိ ဒီနေရာမှာ ကျွန်တော် ရောင်းချခွင့်ရှိတယ်။ ဒါပေမဲ့ ရဲအရာရှိက လက်မခံဘူး။ ကျွန်တော့်ကို ရှာဖွေ စစ်ဆေးတယ်။ ဆေးတို့၊ လက်နက်တို့ ရှာတာ နေမှာပေါ့။ ဘာမှ မတွေ့ဘူး။

မတွေ့တဲ့အတွက် သူ မကျေနပ်ဘူး။ ဘော့ပ်နဲ့ပတ်သက်လို့ မေးပြန်တယ်။ ဘော့ပ်ဟာ ကျွန်တော့်ရဲ့ တရားဝင်ကြောင်၊ မိုက်ခရိုချစ်ပ်

mgyoe.com

ထည့်ထားပြီးသားလို့ ဖြေလိုက်တယ်။ သူ ပိုပြီး မကျေမနပ် ဖြစ်သွားတယ်။ စောင်းငန်း စောင်းငန်းနဲ့ ပြန်ထွက်သွားလေရဲ့။

ညနေပိုင်းလောက်ထိ အောင့်အည်း သည်းခံပြီး ပေနေခဲ့ပေမယ့် ရုံးဆင်းချိန်မှာတော့ လမ်းပေါ်မှာ ငမူးတွေ၊ ပြဿနာရှာမယ့် ချာတိတ်တွေနဲ့ ပြည့်လာတယ်။ ဒါနဲ့ပဲ ပြန်ဖို့ ဆုံးဖြတ်လိုက်ရတယ်။

စိတ်မောလိုက်တာ။ အားလုံးပေါင်းမှ ဆယ်စောင်လား ရောင်းရတယ်။ မျှော်လင့်ထားတာနဲ့ တခြားစီ။ လျှော့ဈေးနဲ့ ရောင်းတဲ့ ပဲဘူးနဲ့၊ ပေါင်မုန့်တွေနဲ့ နှစ်ပါးမသွားရတာ ကြာပြီ။ ခုလည်း ဘောပ်နဲ့ ကျွန်တော့်အတွက် အသားဟင်းရယ်၊ ရေဖိုး၊ မီးဖိုးရယ် အတွက် ပိုက်ဆံ မလောက်ဘူး မဟုတ်၊ လောက် ပါတယ်။ ဒါပေမဲ့ အဲသလို သုံးလိုက်ရင် စနေတနင်္ဂနွေ ပြီးတာနဲ့ အလုပ်ထွက်လုပ် ရမယ်။ ရာသီဥတုက မကောင်းဘူး၊ မိုးဆက်တိုက်ရွာမယ်လို့ ကြေညာထားတဲ့ အတွက် အဲသလို မလုပ်ချင်ဘူး။ မတတ်နိုင်ဘူးလေ။

အိမ်အပြန်ဘတ်စ်ကားပေါ်မှာ တစ်ကိုယ်လုံး ညောင်းကိုက်ပြီး ပူရှိန်းရှိန်း ဖြစ်လာတယ်။ တုပ်ကွေးရဲ့ မိတ်ဆက်လက္ခဏာတွေပေါ့။ ကောင်းသကွာ၊ အေးတာပဲလို့ တွေးမိတယ်။ ဖြစ်သမျှအကြောင်း အကောင်းပဲပေါ့။ ခုံပေါ် ကွေးကောက်ထိုင်ရင်း အိပ်ဖို့ ကြိုးစားမိတယ်။

ကောင်းကင်ဟာ ခဲသားပြာရောင် မည်းပုပ်လို့ပဲ။ လမ်းမီးတွေ အားလုံး ထွန်းထားပြီးပြီ။ ဘောပ်အကြိုက် ညမျိုးပေါ့။ မှန်မှာ မျက်နှာကြီးအပ်ရင်း အပြင်ကို သူ ငေးနေတယ်။ စိတ်လွတ်လက်လွတ် ငေးနေတာ။

တော့တင်ဟမ်အပြန်လမ်းဟာ အသွားတုန်းကလိုပဲ လမ်းပိတ်လွန်း လှတယ်။ ဘတ်စ်ကားဟာ ခရုပက်ကျိနှုန်းနဲ့ လမ်းပေါ်မှာ ရွေ့နေတယ်။ နိဝင်တန် ဂရင်း အလွန်လောက်မှာ မေ့ခနဲ အိပ်ပျော်သွားတယ်။ ခြေထောက်ကို တို့နေ၊ ပါးကို နှုတ်ခမ်းမွေးအမျှင်တွေနဲ့ ထိတွေ့နေတဲ့ ခံစားချက်ကြောင့် လန့်နိုးလာတယ်။ မျက်စိကို ဖွင့်ကြည့်လိုက်တယ်။ ဘောပ်မျက်နှာကြီးက ကျွန်တော့်မျက်နှာနား ကပ်လို့။

"ဘာလဲကွာ"

mgyoe.com

mgyoe.com

သူက ခေါင်းထောင်လာတယ်။ ဘတ်စ်ကားရှေ့ဘက်ကို လှည့်ကြည့်တယ်။ ခုံပေါ်ကနေ ထတယ်။ သူ့ပုံစံ ထူးခြားနေတဲ့ အတွက် အပြင်ကို လှမ်းကြည့်မိတယ်။

"ဟာ…သောက်ကျိုးနည်း"

ကမန်းကတန်း ထလိုက်တယ်။

ပစ္စည်းတွေ ဆွဲရင်း ကားရပ်ဖို့ ခလုတ်နှိပ်လိုက်တယ်။ လက်မတင်လေးပဲ။ စက္ကန့်သုံးဆယ်လောက် နောက်ကျသွားရင် နာပြီ။ ခုတော့ ကျွန်တော့်ကိုယ်စောင့်နတ်လေးကြောင့် ဆင်းရမယ့် မှတ်တိုင်မှာ အချိန်မှီ ဆင်းလိုက်နိုင်တာ။

အိမ်အပြန်လမ်းမှာ လမ်းထောင့်က စတိုးဆိုင်လေးကိုဝင်တယ်။ ဈေးပေါတဲ့ တုပ်ကွေးပျောက်ဆေးတွေဝယ်တယ်။ ဘော့ပ်အတွက် ကြောင်စာဝယ်တယ်။ သူကြိုက်တဲ့ ကြက်သားဝယ်တယ်။ ဒီနေ့ ကံမကောင်းလှဘူး။ ဒါပေမဲ့ အိမ်ပြန်ရောက်လို့ နွေးနွေးထွေးထွေး နေရပြီး ဘော့ပ်တစ်ယောက် ညစာကို အငမ်းမရစားနေတာကြည့်ရင်း ဘာမှ ညီးညူနေစရာ အကြောင်း မရှိပါဘူးလို့ သိလာတယ်။ ဘတ်စ်ကားပေါ်မှာ ဘော့ပ်သာ မနှိုးခဲ့ရင် အဝေးကြီးပါသွားတော့မှာ။ အပြင်မှာ ရာသီဥတုက ဆိုးသထက် ဆိုးလာပြီ။ မိုးထပ်မိရင် ခုထက် ပိုပြီး နေမကောင်းဖြစ်တော့မှာ။ တုပ်ကွေးအပျော့စားကနေ နမိုးနီးယားအပြင်းစား ဖြစ်သွားတော့မှာ။

ကျွန်တော် ကံကောင်းတယ်ဆိုတာ သိပါတယ်။ ပညာရှိဆိုတာ မရှိတာအတွက် ဝမ်းနည်းမနေဘဲ ရှိတာတွေအတွက် ဝမ်းမြောက်နေသင့်တယ်ဆိုတဲ့ ရှေးအဆိုအမိန့်လည်း ရှိသားပဲ။

ညစာစားပြီးတော့ ဆိုဖာပေါ်လှဲ၊ စောင်ထူထူခြုံ၊ ပျားရည်၊ ရှောက်ရည်၊ ရေနဲ့ ဝီစကီစပ်သောက်ရင်း ငြိမ်ငြိမ်လေးနေတယ်။ ဘော့ပ်ကတော့ အပူပေးစက်နားမှာ နှပ်နေပြီ။ ဖြစ်သမျှ အကုန်မေ့ပစ်လိုက်ပုံပဲ။ လက်ရှိအချိန်ကိုသာ ပျော်မွေ့နေတယ်။ အင်း… ကျွန်တော်လည်း လောကကို သူ့လိုပဲ ကြည့်သင့် မြင်သင့်တာပေါ့။ ခုလက်ရှိဘဝ တစ်ခဏမှာ ကျွန်တော် ဝမ်းမြောက်နိုင်တဲ့ ကောင်းကွက်ကလေးတွေ ရှိနေသားပဲကိုး။

mgyoe.com

ခုဆို ဘောပ်ကို စတွေ့ခဲ့တာ နှစ်နှစ်ကျော်သွားပြီ။ စတွေ့ခါစတုန်းက တိုက်ပွဲပြန် ဒဏ်ရာကြီး ခြေထောက်မှာ ပါလာတဲ့ အကောင်။

အစမှာတော့ သူဟာ တစ်ယောက်ယောက်ပိုင်တဲ့ ကြောင်လားလို့ ထင်မိသေးတယ်။ ပြန်ပေးဖို့ ကြိုးစားခဲ့သေးတယ်။ သူ့ကို အတော်ပြုစုခဲ့ရသေးတယ်။ ဒီလိုနဲ့ပဲ သံယောဇဉ်တွေ ခိုင်မြဲလာတော့ တူတူနေဖြစ်သွားတယ်ပေါ့။

အစကတော့ ကြာကြာနေဖြစ်မယ် မထင်ခဲ့ဘူး။ သူက လမ်းပျော်ကြောင်ဆိုတော့ အချိန်တန်ရင် လမ်းပေါ် ပြန်ရောက်သွားမယ်လို့ပဲ ယူဆတာပေါ့။ ဒါပေမဲ့ သူက အနားက မခွာဘူး။ ပြန်လွှတ်လည်း နောက်ကနေ တကောက်ကောက် ပြန်လိုက်လာတာပဲ။ ကြောင်ဆိုတဲ့အမျိုးဟာ သခင်ကို သူတို့က ရွေးတာဆိုတဲ့ ပြောစကား ရှိခဲ့တယ်။ ဘောပ်ဟာ ကျွန်တော့်ကို ရွေးခဲ့တယ်။ ဘယ်သွားသွား နောက်က လိုက်တယ်။ မောင်းထုတ်ရင် အမြီးထောင်ပြီး ပြန်ပြေးတယ်။ မရှိတော့ဘူးလို့ စိတ်ချလက်ချ ဘတ်စ်ကားပေါ်တက်ရင် နောက်ကနေ ပြေးလိုက်လာတယ်။ ဘေးမှာ ဝင်ထိုင်တယ်။ အဲဒီနောက်တော့ သိတော်မူကြတဲ့ အတိုင်းပဲ။

အဲဒီ အချိန်ကစလို့ ကျွန်တော်နဲ့ဘောပ်ဟာ ခွဲမရတဲ့ အတွဲ၊ နှစ်ကိုယ့်တစ်စိတ် ဖြစ်လာတယ်။ လန်ဒန်လမ်းမတွေတစ်ခွင် ပြံပြံစင်အောင် ကျင်လည်ခဲ့ကြတယ်။

ကျွန်တော်ကတော့လေ၊ ဘောပ်နဲ့ ကျွန်တော်ဟာ ကိုယ်စီကိုယ်င အတိတ်က ရခဲ့တဲ့ ဒဏ်ရာအနာတရတွေကို ကျက်စေဖို့ တစ်ယောက်နဲ့ တစ်ယောက် ဖေးမကူညီနေတယ်လို့ ထင်မိပါတယ်။ ကျွန်တော်က ဘောပ်ကို အဖော်လုပ်ပေးတယ်။ စားဝတ်နေရေး တာဝန်ယူတယ်။ ဘောပ်က ကျွန်တော့်ကို မျှော်လင့်ချက်အသစ်တွေနဲ့ ဘဝရဲ့ ရည်မှန်းချက်တွေပေးတယ်။ အရင် တစ်ခါမှ မခံစားခဲ့ရဖူးတဲ့ သစ္စာ၊ မေတ္တာ၊ အကြင်နာ၊ လူသားဆန်မှု၊ ပျော်ရွှင်ဝမ်းမြောက်မှု၊ တာဝန်ယူမှုတွေကိုလည်း ပေးခဲ့ပါတယ်။ သူ့ကြောင့်မို့ ဘဝကို ကြည်ကြည် လင်လင် ရှုမြင်တတ်လာတယ်။ ပန်းတိုင်နဲ့ ရည်မှန်းချက်ဆိုတာတွေ ရှိလာတယ်။


ကျွန်တော်ဟာ လမ်းပေါ်အိပ်၊ လမ်းပေါ်စားရင်း ဆေးသမားဘဝနဲ့ ဆယ်စုနှစ်တစ်စုကျော် လန်ဒန်မှာ ကျင်လည်ခဲ့တယ်။ အထီးကျန်မှုနဲ့ နိစ္စဓူဝ နေ့စဉ် ဘဝအမောတွေကို ဘိန်းဖြူနဲ့ ထုံသွားအောင် ဖြေဖျောက်ရင်း သံသရာလည် နေခဲ့တာပေါ့။ အိမ်ခြေရာခြေမဲ့ဆိုတာ အများအမြင်ကနေ ကွယ်ပျောက်နေတဲ့

mgyobe.com

လူမျိုးတွေလေ။ ကွယ်ပျောက်ရပါများလွန်းတော့ လူတွေနဲ့ ဘယ်လို ဆက်ဆံရမှန်း မသိတော့ဘူး။ လူ့ဘဝ လူ့ကမ္ဘာထဲ အံဝင်ခွင်ကျ မနေတတ်တော့ဘူး။ တစ်နည်းအားဖြင့် လူသားအဆင့်ကနေ လျှောကြသွားတယ်ပေါ့။ ရှင်ရက်နဲ့ သေသူဖြစ်ခဲ့ရတယ်ပေါ့။ ဘော့ပ်ကြောင့်သာ ကျွန်တော့်ရဲ့ လူသားဘဝ ဖြစ်တည်မှု ပြန်လည်ရနိုင်ခဲ့တာ။ ဘိန်းဖြူကိုရော ဘိန်းအစားထိုးမက်သဒုန်းကိုပါ အပြီးဖြတ်နိုင်ခဲ့တာ။ ဆေးသောက်နေရတုန်းပေမယ့် မကြာခင် ဆေးကင်းစင်တဲ့လူသားဘဝ ပြန်ရောက်တော့မှာ၊ မှောင်မိုက်တဲ့ လိုဏ်ခေါင်းထဲကနေ အလင်းတစ်စ မြင်နေရပြီလေ။

ဒါပေမဲ့လည်း အစစအရာရာ ချောမွေ့အဆင်ပြေနေတာတော့ ဘယ်ဟုတ်ပါ့မလဲ။ ဆေးသမား နာလန်ထတစ်ယောက်အဖို့ အားလုံးကောင်းပါသည် ခင်ဗျားဆိုတာ မရှိစကောင်း မဟုတ်လား။ ရှေ့နှစ်လှမ်းတိုးပြီးရင် နောက်တစ်လှမ်း ပြန်ဆုတ်ချင်တဲ့ အကျင့်က ကျန်နေသေးတယ်။ လမ်းပေါ်ကဘဝဆိုတော့ အဲဒီအကျင့်ကို လုံးဝ ပျောက်အောင်လုပ်ဖို့ အင်မတန် ခက်တယ်။ ပြဿနာက အနားမှာအမြဲ စောင့်နေတာကိုး။

အမှန်အတိုင်း ပြောရရင် လမ်းပေါ်က ဘဝကို စွန့်ခွာချင်လှပါပြီ။ ပတ်စာခွာ ဖျာသိမ်းချင်လှပါပြီ။ ဒါပေမဲ့ ဘယ်လို လုပ်ရမလဲ၊ မသိသေးဘူး။ ကြိုးတော့ ကြိုးစားမယ်လို့ ကျိတ်ပြီး သန္နိဋ္ဌာန်ချထားတယ်။



mgyoe.com

ခုရှိတာလေးနဲ့ ရောင့်ရဲကျေနပ်ဖို့ ကြိုးစားတဲ့လေ။ ဒါပေမဲ့ လူသာမန်တို့ရဲ့ စံနှုန်းအရ ကျွန်တော့်မှာ ဘယ်တုန်းကမှ ပစ္စည်းဥစ္စာနဲ့ ငွေကြေးပိုင်ဆိုင်မှုဟာ များများစားစား မရှိခဲ့ဖူးဘူး။ သို့သော်လည်း အရင်ကထက်တော့ အများကြီး ကောင်းလာပြီ။ နေစရာရှိတယ်၊ ဘစ်အစ်ရှူးရောင်းတဲ့အလုပ်လည်း ရှိတယ်။ နှစ်ကာလများစွာအတွင်း ပထမဆုံးအကြိမ် လမ်းကြောင်းမှန်လို့ ယူဆရတဲ့အပေါ်မှာ ကျွန်တော် ရောက်နေခဲ့တယ်။ ပြီးတော့ ကျွန်တော့်ကို လမ်းပြပေးမယ့်၊ အဖော်ပြုပေးမယ့် ဘော့ပ်ကလည်း အနားမှာ။

အိပ်ရာစောစောဝင်မယ် စိတ်ကူးတယ်။ အိပ်ခန်းထဲသွားဖို့ ဆိုဖာပေါ်ကထ၊ ဘော့ပ်ရဲ့ လည်ကုတ်လေးကို အသာပွတ်သပ်ရင်း သူ့ကို ပြောမိပါတယ်။

"မင်းသာ မရှိခဲ့ရင် ငါတော့ ဘယ်သောင် ဘယ်ကမ်း ကပ်နေမယ်မသိပါဘူး ကောင်လေးရာ"

mgyoe.com SAMPLE BOOK

## အခန်း (၂)

## ပြကွက်အသစ်များ

ကျွန်တော်တို့အားလုံးဟာ လုပ်နေကျ အကျင့်စရိုက်တွေကို မဖီဆန်နိုင်တဲ့ သက်ရှိတွေဆိုတော့ ဘော့ပ်နဲ့ ကျွန်တော်ဟာလည်း ဒီလောကနိယာမကို ဘယ်လွန်ဆန်နိုင်မလဲ။ ဒါကြောင့် မိုးလင်းတာနဲ့ လုပ်နေကျအတိုင်း လုပ်ရင်း နေ့သစ်ကို ကြိုကြတာပဲ။ သူများတွေ ရေဒီယိုနားထောင်ရင်း၊ လေ့ကျင့်ခန်းလုပ်ရင်း၊ ကော်ဖီ လက်ဖက်ရည် သောက်ရင်း စတင်တဲ့ မနက်ခင်းတွေမှာ ကျွန်တော်နဲ့ဘော့ပ်ကတော့ တစ်ယောက်နဲ့ တစ်ယောက် ကလူရင်း မြှူရင်း စတင်ကြတယ်။

ကျွန်တော် အိပ်ရာက နိုးလို့ ထထိုင်လိုက်ချိန်တိုင်းမှာ ဘော့ပ်ဟာ အိပ်ခန်းထောင့်မှာရှိတဲ့ သူ့အိပ်ရာကထ၊ ကျွန်တော့် ခုတင်ပေါ်တက်၊ ဆောင့်ကြောင့် ထိုင်ပြီး ကျွန်တော့်ကို ပြူးပြူးကြီးကြည့်၊ ခဏနေတော့ ဘာ…၊ ညာ… ဆိုပြီး ချွဲပျစ်ပျစ် အသံကြီးပေးရင်း မနက်ခင်းကို စတတ်တယ်။

အဲဒါကိုမှ ကျွန်တော် မနိုးသေးဘူးဆိုရင် ညောင် ဝေါင် ဝေါင် အသံကျယ်ကြီးနဲ့ နှိုးပြီ။ မျက်နှာနားမှာ ပုံ့ပုံ့ကြီးထိုင်ရင်း ကြည့်နေပြီ။

'ခင်ဗျားကြီး ထတော့ဗျာ၊ ကျုပ်နှိုးနေတာ ကြာလှပြီဗျ၊ ဆာလှပြီဗျ၊ ဘယ်မတုံး ကျုပ်မနက်စာ'

mgyoe.com

mgyoe.com

ဒါ သူ့ရဲ့ မနက်ပိုင်း သတင်းစကားပဲ။ ကျွန်တော်က အင်း… အဲနဲ့ ထရ ခက်နေပြီဆိုရင် သူ ကုန်းထပြီး သူ့မျက်လုံးစိမ်းကြီးတွေနဲ့ ပြူးနေအောင် ကြည့်တော့တယ်။ အဲဒီ အပြုအမူလေးဟာ သောက်ကျိုးနည်းအောင် ချစ်စရာ ကောင်းလွန်းတဲ့အတွက် ကျွန်တော် ဘယ်လိုမှ တင်းမခံနိုင်ဘူး။ အမြဲတမ်း ပြုံးပြုံးကြီး အိပ်ရာထလိုက်ရတာပါပဲ။

ခုတင်ဘေးက အံဆွဲဗီရိုထဲမှာ သူ့အကြိုက် ကြောင်စာတစ်ထုပ် လောက်တော့ ကျွန်တော် အမြဲတမ်း ဆောင်ထားလေ့ ရှိတယ်။ ခံစားချက်ပေါ် မူတည်ပြီးတော့ အိပ်ရာပေါ်ခေါ်ပြီး ကြောင်စာကျွေးချင်ကျွေး၊ နည်းနည်း ဆော့ချင်လာရင် ကော်ဇောပေါ်ပစ်ပြီး ဘောပ်ကို ဖမ်းခိုင်းတတ်တယ်။ ကြောင် ဆိုတာ အင်မတန် လျင်မြန် ဖျတ်လတ်တဲ့အမျိုးမို့ ဘောပ်ဟာ ခုန်ပေါက်ပြီး အစာကို လက်နဲ့ဖမ်းချင်ဖမ်း၊ တစ်ခါတလေ ပါးစပ်နဲ့ တစ်ခါတည်း ကိုက်ချီ စားမျိုပစ်တတ်တယ်။ ကြည့်မဝအောင်ပါပဲ။ တစ်ခါတလေ ကျွန်တော် ကစားချင် စိတ် မရှိလောက်အောင် ပင်ပန်းနေတဲ့ အခါမျိုးမှာတော့ သူ့ဘာသာ ကြံဖန် ဆော့တတ်ပြန်တယ်။

ဥပမာအားဖြင့် နွေမနက်ခင်းတစ်ခုမှာပေါ့။ ကျွန်တော်ဟာ ခုတင်ပေါ် မှာပဲ မနက်စာစားရင်း မနက်ခင်း တီဗွီအစီအစဉ်ကို ကြည့်နေခဲ့တယ်။ ရာသီ ဥတုက အတော်ပူနွေးနေတယ်။ အထူးသဖြင့် ကျွန်တော့်လို ငါးထပ် အပေါ်ဆုံး ခန်းက ပိုပူတာပေါ့။ ဘောပ်ဟာ အိပ်ခန်းထဲက အရိပ်ရတဲ့နေရာမှာ ခွေနေတယ်။ အိပ်ပျော်နေတယ်လို့ ထင်မိပေမယ့် သူ ချက်ချင်းပဲ ထလာပြီး ခုတင်ပေါ် ခုန်တက် လိုက်တယ်။ နံရံကို လက်နဲ့ အဆက်မပြတ် ကုတ်နေတယ်။

"ဘာတုံးဟ ဘာလုပ်တာလဲ ဘောပ်"

သေချာကြည့်လိုက်တော့ ရထားကောင်လို့ခေါ်လေ့ရှိတဲ့ ခြေထောက်တွေ အများကြီးနဲ့ ထိလိုက်ရင် ခွေသွားတဲ့ အင်းဆက်ကောင်လေး တစ်ကောင် ရှိနေတာကိုး။ ဘောပ်ဟာ အဲဒီအကောင်ကို မျက်တောင်မခတ်တမ်းကြည့်နေရင်း ပါးစပ်ထဲထည့်ဖို့ အဆင်သင့်ပြင်နေတယ်။

"ဘောပ် မလုပ်ရဘူး ငါ့ကောင်"

အင်းဆက်တွေဟာ ကြောင်တွေအတွက် မကောင်းဘူး။ စားရင် အဆိပ်ဖြစ်တတ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ဘောပ်ကတော့ စားမာန်တက် နေလေရဲ့။ သူ့ရဲ့ ခွန်အား၊ အမြန်နှုန်းနဲ့ သွက်လက်မှုတွေဟာ ကျွန်တော့်ကို

mgyoe.com

mgyoe.com SAMPLE BOOK

အမြဲ အံ့အားသင့်စေခဲ့တယ်။ တချို့က ဘော့ပ်ဟာ ကြောင်ရိုင်းမျိုး၊ တောကြောင်မျိုးကနေ ဆင်းသက်လာတယ်လို့ ထင်ကြတယ်။ ဒါ ဖြစ်နိုင်တယ်။ ဘော့ပ်ရဲ့ အတိတ်အကြောင်း ကျွန်တော် ဘာမှမှ မသိဘဲကိုး။ သူ့အသက် ဘယ်လောက်ရှိပြီ။ အရင်က သူ ဘယ်မှာ နေခဲ့တယ်ဆိုတာ ဘာမှ မသိဘူး။ ဒီအန်အေ စစ်ဆေးမှု လုပ်မယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဒါပေမဲ့ ကျွန်တော် ဂရုမစိုက်ပါဘူး။ ဘော့ပ် ဟာ ဘော့ပ်ပဲပေါ့။ ကျွန်တော် သိဖို့လိုတာ ဒါပဲ မဟုတ်လား။

ဘော့ပ်ရဲ့ ခန့်မှန်းမရတဲ့ ကိုယ်ရည်ကိုယ်သွေးကို သဘောကျတာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး။

၂၀၀၉ ခုနှစ် နွေဦးကာလ။

ဘော့ပ်နဲ့ကျွန်တော် ဘစ်အစ်ရှူး ရောင်းခဲ့ကြတာ တစ်နှစ်လောက်ကြာခဲ့ပြီ။ အစမှာတော့ ကိုဗင့်ပန်းခြံ၊ နောက်တော့ အစ္စလင်တန်ရဲ့ အိန်ဂျယ် မြေအောက်ဘူတာမှာ စွဲစွဲမြဲမြဲ စတည်းချခဲ့တယ်။ အဲဒီမှာ ဘော့ပ်နဲ့ ကျွန်တော့်ရဲ့ ပရိသတ် နည်းနည်းလေး ရှိတယ်လေ။

လူနဲ့ တိရစ္ဆာန်တွဲပြီး ဘစ်အစ်ရှူးရောင်းတာ လန်ဒန်မှာ မရှိဘူးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တိရစ္ဆာန်တွေထဲ ဘော့ပ်နဲ့ ယှဉ်နိုင်သူက ရှားသလေ။ ဒါကြောင့် လူတွေက ချစ်ကြ၊ ခင်ကြ၊ သဘောကျကြတယ်။

အစတုန်းကတော့ ကျွန်တော်က ဂစ်တာတီး၊ သီချင်းဆို၊ သဒ္ဒါကြေးလေး တောင်းရမ်း၊ သူက မြိန့်မြိန့်ကြီးထိုင်ရင်း လောကကို မမှိတ်မသုန်ရှုစား။ ဒီလို စခန်းသွားခဲ့ကြတာပေါ့။

ဘစ်အစ်ရှူး စရောင်းချိန်မှာတော့ ဘော့ပ်ဟာ သိပ်ငြိမ်ငြိမ်မနေတော့ဘူး။ ပိုပိုပြီး ကမြင်းကြော ထချင်လာတယ်။ ပလက်ဖောင်းပေါ်မှာ ကျွန်တော်တို့ နှစ်ယောက် မကြာခဏ ကစားတတ်ကြတယ်။

အဲသလိုနဲ့ ဘော့ပ်ဟာ လူတွေကို ဖျော်ဖြေတတ်လာတယ်။ ကျွန်တော်လည်း သူ့ဆော့ဖို့ အရုပ်ကလေးတွေ ယူယူလာရတယ်။ သူ့အကြိုက်ကတော့ ကြောင်ဆေးပင်အရွက်ကလေးတွေ ဖြည့်ထားတဲ့ မီးခိုးရောင် ကြွက်ရုပ်ကလေးပေါ့။

mgyoe.com

mgyoe.com

ကြွက်ထဲ ထည့်ထားတဲ့ ကြောင်ဆေးပင်ရွက်တွေက ကုန်တာကြာလှပြီ။ ကြွက်ကလည်း အတော် စုတ်ပြတ်ရွဲပြဲနေပြီ။ ဘော့ပ်မှာ အရုပ်တွေအများကြီး၊ လမ်းသွားလမ်းလာတွေက သူ့အတွက် ဝယ်ဝယ်ပေးကြတာကိုး။ ဒါပေမဲ့ ကြွက်က ခုထိ သူ့ရဲ့ နံပါတ်တစ် ကစားစရာပဲ။

အိန်ဂျယ်ဘူတာရှေ့က ကျွန်တော်တို့နေရာကိုရောက်တာနဲ့ ဘော့ပ်ဟာ ကြွက်ရုပ်ကို ကိုက်ချီ ဆွဲယမ်းလိုက်၊ အမြီးကနေ ကိုက်ပြီး လွှင့်ပစ်လိုက်၊ တစ်ခါ ပြေးခုတ်လိုက်နဲ့ ဆော့နေတယ်။ သူက တကယ့်ကြွက်ဖမ်းရတာ ဝါသနာပါတော့ ခုလည်း အဲလို လုပ်နေတာပါပဲ။ ဒါကိုပဲ လူတွေမှာ တမေ့တမြော ရပ်ရပ်ကြည့်ရတာ အမော။ တစ်ခါတလေ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ရပ်ကြည့်နေကြတယ်။

အားလုံး သဘောကျကြတာကတော့ ဘော့ပ်နဲ့ကျွန်တော် လက်ဝါးချင်း ရိုက်တဲ့ ပြကွက်ပဲ။ ကျွန်တော် လက်ဝါးဖြန့်လိုက်တာနဲ့ ဘော့ပ်က လက်မြှောက် လာပြီး ကျွန်တော့်လက်ကို သူ့လက်ဖဝါးကြီးနဲ့ လာထိတော့တာပဲ။ ဒါမျိုးကို အိမ်မှာလည်း ခဏခဏ လုပ်ပါတယ်။ ဒါကို လူတွေ အင်မတန် သဘောကျ တယ်။ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ကြတယ်။

အမယ်လေး…လှလိုက်တဲ့ကောင်ကြီး၊ အို… ကြည့်စမ်း၊ တတ်လိုက်တာ စတဲ့ ချီးမွမ်းထောမနာပြုသံတွေ စီစီညံလို့ပေါ့။ တစ်ခွန်းကို တစ်ပေါင် ရမယ်ဆိုရင် ကျွန်တော် ချမ်းသာနေတာ ကြာပြီ။ ခုလို ပလက်ဖောင်းပေါ်ထိုင်ပြီး မဂ္ဂဇင်း ရောင်းမနေရတော့ဘူး။

လမ်းမပေါ် သွားလာလှုပ်ရှားနေရတာဟာ အင်မတန် ပျော်စရာ ကောင်းတယ်လို့ ဘယ်ဟုတ်ပါ့မလဲ။ ဒါကြောင့်မို့ ဘော့ပ်နဲ့ ကျွန်တော်ရဲ့ ဖျော်ဖြေမှုလေးတွေဟာ လမ်းသွားလမ်းလာတွေ အပန်းပြေစေတာပေါ့။ ကျွန်တော် ကိုယ်တိုင်လည်း နိစ္စဓူဝ မငြီးမငွေ့ အလုပ်လုပ်နိုင်တာပေါ့။ မဂ္ဂဇင်းလည်း သူများ ထက်ပိုပြီး ရောင်းရတာပေါ့။ ဒါကတော့ ဘော့ပ် ရှိနေခြင်းကြောင့် ရတဲ့ ကောင်းကျိုးတစ်ခုပါပဲ။

အိန်ဂျယ်မှာ အလုပ်လုပ်တာ ကြာလာတော့ ပြကွက်အသစ်လေးတွေ ပေါ်ထွန်းလာခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘော့ပ်ဟာ လူတကာ သူ့ကိုပေးကြတဲ့ လက်ဆောင်ပစ္စည်းလေးတွေကို အင်မတန်ကြိုက်တယ်၊ ခုံမင်တယ် ရချင်တယ်၊ မျှော်တတ်တယ်။ ဒါကိုသိတော့ ကျွန်တော် တစ်မျိုးကြံတာပေါ့။ ဘီစကစ်လေးတွေကို သူနဲ့ မမီမကမ်းမှာ မြှောက်ထားတယ်။ သူက နောက်ခြေနှစ်ချောင်းကို အားပြု၊ မတ်တတ်ရပ်ရင်း လှမ်းလှမ်းဆွဲတယ်။ တစ်ခါတလေ ကျွန်တော့်လက်ကောက်ဝတ်ကို အားပြုရင်း လက်တစ်ဖက်နဲ့ လှမ်းဆွဲတာ။

အမယ်လေး… အဲဒီပြကွက်ဟာ မုန့်တိုင်းဝင်မွှေသလိုကို အုတ်အော် သောင်းတင်း ဖြစ်တာ။ လူတွေ ရာချီပြီး ဝိုင်းကြည့်ကြတာ။ ရိုက်လိုက်တဲ့ ဓာတ်ပုံတွေ ဗွီဒီယိုတွေဆိုတာ နည်းလား။

ခု ကျွန်တော်တို့ ဒီပြကွက်ကို ကောင်းသထက်ကောင်းအောင် ကြံဆောင်ထားတယ်။ ကစားစရာကို ပိုမြင့်အောင်မြှောက်၊ ဘော့ပ်က မတ်တတ်ရပ်ရုံမက၊ လေထဲထိ ခုန်ဆွဲ။ ကစားစရာကို ကိုက်ဆွဲရင်း လေထဲ တန်းလန်းဖြစ်၊ ပြီးမှ မြေပေါ် ပြန်ကျ။ သူ ပြန်အကျမှာမနာအောင် ကျောပိုးအိတ်လေးခံပေးထား တာပေါ့။

အဲလို ပြကွက်သစ်တွေလုပ်လေလေ လူတွေ ပိုသဘောကျလေလေ၊ မင်္ဂဇင်းပိုရောင်းရရုံမက စုံစီနဖာ လက်ဆောင်ပစ္စည်းနဲ့ ငွေတွေ ရလေလေပါပဲ။

တကယ်တော့လည်း အိန္ဒိယမှာ စစတည်းချကတည်းက လူတွေဟာ ကျွန်တော်တို့ကို ကြင်နာကြတယ်၊ ရက်ရောကြတယ်။ ဘော့ပ်အတွက်တင်မက ကျွန်တော့်အတွက်လည်း ပေးကြကမ်းကြတယ်။ သူတို့ကိုယ်တိုင် လက်နဲ့၊ စက်နဲ့ ချုပ်ထားတဲ့ အဝတ်အထည်လေးတွေလည်း ပါတာပေါ့။

ခုဆို ဘော့ပ်မှာ စကတ်ပဝါရောင်စုံ ရှိနေပြီ။ နှစ်ဒါဇင်ထက် မနည်းဘူး။ သူကလည်း ကြိုက်မှကြိုက်၊ အသည်းစွဲပဲ။ အီမယ်ဒါမားကိုစ်ကြီး ဖိနပ်တွေ စွဲလမ်းသလိုကို သူဟာ စကတ်ပဝါကို စွဲလမ်းနေတာ။

ဒါပေမဲ့လေ အမြဲတမ်း နွေးထွေးကြင်နာမှု၊ မေတ္တာနဲ့ အထောက် အပံ့တွေ ရနေလိမ့်မယ်လို့ ဘယ်ဟုတ်ပါ့မလဲ။ ကျွန်တော်တို့ကို အလွန်အင်မတန် တစ်မျိုးမြင်တတ်သူတွေလည်း သိပ်ရှိတာပေါ့။ အဲဒီလူတွေဟာ အဝေးကြီးမှာ ရှိနေတာ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


သောကြာနေ့။

တစ်ပတ်လုံးမှာ အလုပ်အရှုပ်ဆုံးနေ့ပေါ့။

သောကြာညနေမို့ အိန်ဂျယ်မြေအောက်ဘူတာဟာ ပျားပန်းခပ်တမျှ လူရှုပ်ပြီး စည်ကားလွန်းနေတယ်။ ကျွန်တော် မဂ္ဂဇင်းရောင်းပြီး အလုပ်ရှုပ်နေတုန်း ဘော့ပ်ဟာ ကျောပိုးအိတ်ထဲ ဝင်နေပြီး အမြီးကြီး တဖွားဖွားနဲ့ တလှုပ်လှုပ် လုပ်နေတယ်။

ည ခုနစ်နာရီလောက် လူသွားလူလာ နည်းနည်းပါးသွားချိန်မှာတော့ ကျွန်တော်တို့နဲ့ မလှမ်းမကမ်းမှာ မိန်းမကြီးတစ်ယောက် ရပ်ကြည့်နေတာကို သတိထားမိတယ်။ သူ ဘယ်တုန်းကတည်းက ရပ်ကြည့်နေတယ်ဆိုတာ မသိပါဘူး။ သူက ဘော့ပ်ကို စူးစူးစိုက်စိုက် ကြည့်နေတာ။

ကြည့်ရုံ ကြည့်တာ မဟုတ်ဘူး။ ပါးစပ်က ပွစိ ပွစိ ပြောလိုက်၊ ခေါင်းယမ်းလိုက်နဲ့ လုပ်နေတာ။ သူ အလိုမကျ ဖြစ်နေတယ်ဆိုတာကို ခံစားမိတယ်။ ဒါပေမဲ့ သူ့ကို ဂရုမစိုက်အားဘူး။ မဂ္ဂဇင်းလက်ကျန်လေးတွေကို အပြတ် ရောင်းနိုင်ဖို့ ကျွန်တော့်မှာ အားထုတ်နေရတယ်လေ။

အဲ··· ကံများနှယ် ဆိုးချင်တော့ ဘွားတော်ကြီးဟာ ကျွန်တော်တို့ အနား ရောက်လာပါလေရော။

''ဒီမယ်ကောင်လေး၊ ဒီကြောင် စိတ်ကျဉ်းကျပ်ပြီး အနေခက်နေတာ မင်း မတွေ့ဘူးလား''

ဟယ်···သူ့လေသံကြားရတာ ကျောင်းဆရာမကြီးများလား၊ ကျောင်းအုပ် ဆရာမကြီး ဖြစ်လိမ့်မယ်ထင်တယ်။ အထက်တန်းစား ကျောင်းတစ်ကျောင်းက ကျောင်းအုပ်ဆရာမကြီး လေသံပဲ။ ဝတ်စားထားပုံကလည်း တွိဒ်စကတ်နဲ့ ဂျက်ကက်နဲ့။ အင်မတန် စည်းကမ်းကြီးသမို့ ကျောင်းတိုင်းက လိုချင် ငှားချင် ကြတဲ့ ကျောင်းအုပ်ဆရာမကြီး ပုံမျိုးပဲ။

သူ ပြဿနာရှာတော့မယ်ဆိုတာ ရိပ်မိလို့ ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောဘူး။ ဒါပေမဲ့ မရဘူး ခင်ဗျ။

''ငါကြည့်နေတာကြာပြီ၊ မင်းကြောင်ဟာ အမြီးကြီး တဖွားဖွားနဲ့ လုပ်နေတာ၊ ဒါ ဘာအဓိပ္ပာယ်ဆိုတာ မင်း သိရဲ့လား''

ကျွန်တော် ပခုံးတွန့်ပြလိုက်တယ်။ သူ့မေးခွန်းကို သူ့ဘာသာ ပြန်ဖြေ မယ်ဆိုတာ သိပြီးသား။

mgyoe.com

 mgjoe.com SAMPLE BOOK 

"အေး… အဓိပ္ပာယ်က သူမပျော်ဘူးလို့ ပြောနေတာပဲ၊ မင်း သူ့ကို အတင်းအကျပ်ဖမ်းထားပုံပေါ်တယ်၊ မင်းဟာ သူ့ကို စောင့်ရှောက်ဖို့ တန်တယ်လို့ ငါ မထင်ဘူး"

ဘော့ပ်နဲ့ကျွန်တော် လမ်းပေါ်မှာ အလုပ်လုပ်တာ ကြာလှပြီပဲ၊ ဒီလို အခြေအနေမျိုး ကြိမ်ဖန်များစွာ တွေ့ခဲ့ပြီးသားပါ။ ဒါပေမဲ့ လူကြီးသူမနဲ့ တွေ့ရင် ကျွန်တော် မရိုင်းတတ်ဘူး။ ဒါကြောင့်မို့ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါလို့ ဘုတောပစ်လိုက်ရမယ့်အစား ကျွန်တော် ဆင်ခြေဆင်လက်တွေ ပေးပြီး ပြန်ပြောမိတယ်။

"အမြီးဖွားဖွားလုပ်နေတာက သူ ပျော်လို့ခင်ဗျ၊ သူသာ မနေချင်ရင် သူ့အမြီးတောင် မဒမ် မြင်ရမယ် မထင်ဘူး၊ သူက ကြောင်ပါ၊ သူ သွားချင်ရာ သွားခွင့် ရှိတာပဲလေ"

"ဟုတ်လား၊ ဒါဖြင့် ကြောင်ထိန်းကြိုးက ဘာလို့ တပ်ထားတာလဲ"

"လမ်းပေါ်မှာမို့ပါ မဒမ်၊ တစ်ခါက သူ ကြောက်လို့ပြေးရင်း ကျွန်တော့်ကို ရှာမတွေ့တော့ သူ ယောက်ယက်ခတ်ခဲ့ဖူးတယ်၊ သူ အပေါ့အပါး သွားစရာ ရှိရင် ချွတ်ပေးလိုက်တာပဲ၊ တကယ်လို့သာ သူပြေးချင်ရင် ဘယ်ပြန်လာပါ့မလဲ ခင်ဗျ"

အဲသလို ဖြေရှင်းချက်မျိုး ကျွန်တော် အကြိမ်တစ်ရာမက ပေးခဲ့ဖူးတယ်။ တစ်ရာမှာ ကိုးဆယ့်ကိုးယောက်လောက်က ကျေနပ်သွားတာပဲ။ ဒါပေမဲ့ ဘွားတော်ကြီးဟာ ကျွန်တော် ဘာပြောပြော မယုံရေးချ မယုံဆိုတဲ့ တစ်ယောက်ထဲ ပါပုံရတယ်။ ကြည့်ရတာ ငါပြောတာအားလုံးအမှန်၊ နင်ပြောသမျှ အားလုံး အမှားဆိုတဲ့ တဇောက်ကန်းလူမျိုး ထင်ပါရဲ့။ သူတို့ပြောတာကို လက်မခံရင် အမှားကြီး မှားနေတဲ့ ငမိုက်သားလို့ သတ်မှတ်ပုံပဲ။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကြောင်အမြီးဖွားဖွားထနေရင် စိတ်ညစ်လို့ပဲ ဆိုတာ အားလုံး သိတယ်"

ခြေဟန်လက်ဟန်တွေနဲ့ သူပြောတယ်။ သူ့မျက်နှာကလည်း နီရဲလို့၊ လက်ပိုက်ပြီး ကျွန်တော်တို့ကို တရားခံကြည့် ကြည့်နေတယ်။

ဘော့ပ်ဟာ ဒီမိန်းမကြီးကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေတယ် ဆိုတာ ကျွန်တော် ကောင်းကောင်း ပြောနိုင်တယ်။ သူက ရေဒါလိုပဲ။ ပြဿနာကို

mgjoe.com

သိတဲ့ရေဒါပေါ့။ သူ ထလိုက်တယ်။ ကျွန်တော့် ခြေနှစ်ဖက်ကြားထဲမှာ ဝင်ရပ်တယ်။ ခုန်ထွက်ဖို့ အဆင်သင့် ပြင်ထားတဲ့ဟန်။

လူတစ်ယောက်စ၊ နှစ်ယောက်စ ရပ်ကြည့်နေတယ်။ ကောင်းတယ်။ အဘွားကြီး ယီးတီးယားတားလုပ်ရင် သက်သေရပြီ။ နောက်ထပ် တစ်မိနစ်၊ နှစ်မိနစ်လောက် အဘွားကြီးနဲ့ကျွန်တော် စကားစစ်ထိုးနေကြတယ်။ သူ အစိုးရိမ်လွန်နေတာတွေ သက်သာလို သက်သာငြား ကျွန်တော်တို့အကြောင်း သူ့ကို ပြောပြဖို့ စကားစမိတယ်။

"ကျွန်တော်တို့ တူတူရှိတာ နှစ်နှစ်ကျော်ပါပြီ၊ ဒါကြောင့် ကျွန်တော် သူ့ကို ပြလိုပြစားစိတ်နဲ့ ဆက်ဆံရင် သူ ကျွန်တော့်နားမှာ နှစ်မိနစ်တောင် နေမယ် မဟုတ်ဘူး ခင်ဗျ" လို့ ကျွန်တော် ပြောပါတယ်။

ဒါပေမဲ့ ဘွားတော်ကြီးဟာ ခြေကန် ငြင်းနေတုန်းပဲ။ ကျွန်တော် ဘာပြောပြော ခေါင်းကြီး ယမ်းယမ်းပြတယ်။ ကျွန်တော့်အမြင်တွေကို သူ နားထောင်ပေးချင်စိတ်ကို ရှိဟန် မတူပါဘူး။ ကျွန်တော်ကရော ဒါအတွက် ဘာများ လုပ်ပေးရဦးမှာလဲ။ ဒါပေမဲ့ သူ့မှာလည်း သူ့အမြင်နဲ့သူ ရှိထိုက်တာပဲလေ။

"ကျွန်တော်တို့ အမြင်ကွဲပြားနိုင်တယ်ဆိုတာကို ဘာလို့ သဘော မတူရတာလဲ ခင်ဗျ" လို့ ကျွန်တော်မေးတော့ သူက လက်တွေ ဝှေ့ယမ်းပြရင်း–

"ဒီမယ် မောင်ရင်၊ ငါက မင်း ဘာပြောပြော လက်ကိုမခံတာဟေ့" လို့ ပြောသဗျ။

အမယ်လေး…၊ ခေါင်းခါခါ လက်ခါခါနဲ့ သူ ထွက်သွားပြီဗျ၊ တော်သေးတာပေါ့။

သူ့ကို ကြာကြာ လိုက်မကြည့်အားပါဘူး။ ဝယ်သူနှစ်ယောက်နဲ့ အလုပ်ရှုပ်ပြန်တယ်။ ခုနက ဘွားတော်ကြီးနဲ့ တကယ့်ကို တခြားစီပါပဲ။ ဖောက်သည်တွေရဲ့ အပြုံးကို မြင်ရတာ အားရှိလိုက်တာ။

ဖောက်သည်တစ်ယောက်ကို ပိုက်ဆံပြန်အမ်းနေတုန်း အနောက်က မြီး ဆိုပြီး ဆွဲဆွဲငင်ငင် အော်လိုက်တဲ့ ဘော့ပ်အသံကို ကြားလိုက်ရပာယ်။ လှည့်ကြည့်လိုက်တော့ အလို… ခုနက ဘွားတော်ကြီးဟာ ဘော့ပ်ကို လက်နှစ်ဖက်နဲ့ အတင်း ပိုက်ထားပါလား။

သူဟာ ကျွန်တော့်ကျောပိုးအိတ်နဲ့တွဲထားတဲ့ ဘော့ပ်ရဲ့ ထိန်းကြိုးကို ဖြုတ်ဖို့ ကြိုးစားနေတယ်။ ဘော့ပ်ကို ဗိုက်အောက်ကနေ ပိုက်ထားတယ်။ သူ့

mgoe.com

နောက်လက်တစ်ဖက်က ဘော့ပ်ကျောကုန်းကို ထိန်းထားတယ်။ ချစ်လို့၊ နှစ်သက်လို့ တယုတယ ပွေ့ချီထားတာမျိုး နည်းနည်းမှ မဟုတ်ဘူး။ ကြည့်ရတာ သူ့ဘဝမှာ ဘယ်တိရစ္ဆာန်ကိုမှ မချီဖူးဘူး ထင်တယ်။ ခုပဲ အမဲသားသည်ဆီက ဝယ်လာတဲ့ အသားတုံးကြီး ကိုင်သလို ကိုင်ထားတာ ခင်ဗျ။

ဘော့ပ်ကလည်း သူ့လက်ထဲကနေ အတင်းရုန်းတာပဲ။ အဲလို ကိုင်တာမျိုး သူ နည်းနည်းမှ မကြိုက်ဖူးကိုး။ ကျွန်တော်လည်း သည်းမခံနိုင်တော့ဘူး။ သူ့ကို ကုန်းအော်ပစ်လိုက်တယ်။

"အဘွားကြီး၊ ခင်ဗျား ဘာလုပ်တာလဲ၊ ခုချက်ချင်း ပြန်ချလိုက်၊ မဟုတ်ရင် ကျုပ် ရဲခေါ်မယ်"

"အို...သူ့ကို လုံခြုံစိတ်ချတဲ့နေရာကို ခေါ်သွားရမယ်"

မျက်နှာကြီးနီရဲပြီး သူ အသံတုန်တုန်နဲ့ ပြန်ပြောနေတယ်။

အလို... သူ ဘော့ပ်ကို ပိုက်ပြီး ထွက်ပြေးသွားရင် အကျိုးနည်းပြီ။

သူပြေးရင် ပြေးလိုက်ဖို့ အသင့်ပြင်ထားရတယ်။ ဒါပေမဲ့ သူမပြေး နိုင်ဘူး၊ ဘော့ပ်ရဲ့ ထိန်းကြိုးက ကျောပိုးအိတ်မှာ တန်းလန်း ချည်ထားတာကိုး။ သူ့မျက်လုံးတွေက အဲဒီ ထိန်းကြိုးကို စိုက်ကြည့်နေတယ်။

"ခင်ဗျားကြီး မလုပ်နဲ့နော်"

ကျွန်တော် ရှေ့ကို တိုးလိုက်တယ်။ အဲဒီ အချိန် အခွင့်ကောင်းစောင့်နေတဲ့ ဘော့ပ်ဟာ မြီးခနဲ အသံရှည်ကြီးပေးရင်း သူ့လက်ကြားကနေ ခုန်ထွက်လိုက် တယ်။ အဘွားကြီးလက်မောင်းကို ပုတ်ခတ်ပြီး အတင်းရုန်းလို့ အဘွားကြီး ကြောက်လန့်ပြီး လွှတ်ချလိုက်တယ်။

ဘော့ပ်ဟာ အမြီးကြီးဖွားခနဲ ထောင်လာပြီး အဘွားကြီးကို သွားစွယ် တွေပေါ်အောင် မာန်ဖီနေတယ်။ သူ အဲ့သလောက် ဒေါသထတာမျိုး တစ်ခါမှ မမြင်ဖူးဘူး။ ဒီလောက် သိသာထင်ရှားနေတာကို အဘွားကြီးက ကျွန်တော့်ကို စွပ်စွဲတာ မရပ်သေးဘူးဗျာ။

"ဟော... တွေ့လား သူ ဒေါသထွက်နေပြီ"

ဘော့ပ်ကို လက်ညှိုးထိုးရင်း သူ ပြောတယ်။ ခု အဖြစ်အပျက်ကို လူ ခြောက်ယောက်၊ ခုနစ်ယောက်လောက်က ဝိုင်းကြည့်နေကြပြီ။

"ဟုတ်တယ်လေ ဒေါသထွက်မှာပေါ့၊ ခင်ဗျားက သူ့ကို အတင်း ဆွဲလားရမ်းလား လုပ်တာကိုး၊ သူက ကျွန်တော့် တစ်လက်ကိုင်ဗျ"

mgyoe.com

mgyoe.com SAMPLE BOOK


အမယ်၊ ဒါကို မလျှော့သေးဘူး။ လူတွေ ဝိုင်းနေတာမြင်တော့ သူ့ပရိသတ်လို့ ထင်ပုံပဲ။

"မဟုတ်ဘူး၊ သူ ဒေါသထွက်တာက မင်း သူ့ကို မတရားလုပ်နေလို့၊ သူ မင်းနဲ့ မနေချင်ဘူး။ သူ့ကို ခေါ်သွားရမယ်"

အဲဒီ အချိန်မှာ ဝိုင်းကြည့်နေကြတဲ့ လူတွေက ရှေ့ဆက် ဘာဖြစ်မယ်ဆိုတာကိုငြိမ်ပြီး ကြည့်နေကြတယ်။ တိတ်ဆိတ်လို့ပေါ့။ အဲဒီ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသူကတော့ ဘော့ပ်ပါပဲ။

ဘော့ပ်ဟာ ဘွားတော်ကြီးကို တူးတူးခါးခါးကြည့်၊ ပြီးတော့ ဆတ်ခနဲ ကျွန်တော့်ဆီ လှည့်လာတယ်။ ကျွန်တော့်ခြေနှစ်ချောင်းကြားမှာ တညောင်ညောင် လုပ်နေတယ်။ ကုန်းပြီး သူ့ကို ပွတ်သပ်ပေးလိုက်တော့ အင်မတန်ကျေနပ်တဲ့ မျက်နှာပေးနဲ့လေ။ သူ့အကြည့်က–

'ကဲ… ခု ကျုပ်တို့ ပြကွက်အသစ်တွေ ရပြီမဟုတ်လား' ဆိုတဲ့ အဓိပ္ပာယ်မျိုး ထင်တာပဲ။ အိတ်ထဲက စားစရာထုတ်လိုက်တော့ သူက နောက်ခြေနှစ်ချောင်းပေါ် ပတတ်ရပ်ပြီး ကျွန်တော့်လက်ကို ဟီးလေးခိုလို့ စားစရာကို လှမ်းဟပ်တယ်။ သူ့ပါးစပ်ထဲ စားစရာထည့်ပေးလိုက်ချိန်မှာတော့ ပရိသတ်ထဲက အိုး… အား နဲ့ အသံတွေ ထွက်လာတယ်။

ဘော့ပ်ရဲ့ ဥာဏ်ရည်နဲ့ လူ့အရိပ်အကဲနားလည်မှုကို မြင်ရတဲ့ အချိန်တွေ အတော်များခဲ့ပါတယ်။ ခုလည်း သူ လူအုပ်ကို ကြေညာနေတာပဲ။

'ကျုပ် ဂျိမ်းစ်နဲ့ အတူနေတယ်၊ သူနဲ့ နေရတာ အင်မတန်ပျော်တယ်၊ မဟုတ်တမ်းတရား စွပ်စွဲတာ အားလုံးမှားတယ်၊ ဒါပဲ' လို့ ပြောနေတာပေါ့။ လူတွေက သူ့ကို နှုတ်ဆက်ကြ၊ ချော့ကြ၊ မြှူကြလုပ်ရင်း အဘွားကြီးကို ပြောပါလေရော။

"ကျွန်တော်တို့ ဒီလူ့ကို သိတယ်၊ သူက လူကောင်းပါ"

"သူတို့ဘာသာနေပါစေ၊ သူတို့ ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးဖူးဘူး၊ ပြီးတော့ ဒီလူက သူ့ကြောင်ကို တကယ် ဂရုစိုက်တာပါ"

တခြားလူတွေ ဝိုင်းပြောတဲ့စကားထဲမှာလည်း အဘွားကြီးကို ထောက်ခံတာ တစ်ခွန်းမှ မပါတဲ့အဆုံး သူ့မျက်နှာဟာ နီရာကနေ ခရမ်းပြာရောင် သန်းလာတယ်။ သူ ဒီပွဲမှာ အရှုံးကြီးရှုံးပြီဆိုတာကို သိသွားတဲ့ အဘွားကြီးဟာ ချာခနဲ လှည့်ထွက်သွားတယ်။ ဒီတစ်ခါတော့ တကယ် ထွက်သွားတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဂျိမ်းစ် မင်းတို့ အိုကေရဲ့လား"

လူတွေက ကျွန်တော်တို့ကို မေးတယ်။ ဒူးထောက်ပြီး ဘော့ပ်ကို စစ်ဆေးကြည့်တယ်။ အိုကေပဲ၊ ဘာမှ မဖြစ်ဘူး။

"ဟုတ်ကဲ့ ကျေးဇူးပါ ခင်ဗျ" လို့ ပြန်ဖြေရတယ်လေ။

ကျွန်တော်က ဘော့ပ်ကို အသုံးချနေတယ်လို့ စွပ်စွဲလာတာတွေကို တကယ်ပဲ မုန်းမိပါတယ်။ စိတ်ထဲမှာလည်း အတော်ကို နာမိတယ်။ ဘော့ပ်က ကျွန်တော်နဲ့နေချင်တယ်။ ကျွန်တော်လည်း တူတူပဲ။ ဒါကို သူ အကြိမ်ပေါင်းများစွာ သက်သေပြခဲ့ပြီးပြီ။ ကံမကောင်း အကြောင်းမလှလို့ လမ်းပေါ်မှာ စားဝတ်နေရေးအတွက် အလုပ်လုပ်ရတဲ့ ကျွန်တော်နဲ့ အတူ ဘယ်သွားသွား သူ လိုက်တယ်။ ဒါ ကျွန်တော့်ရဲ့ ဘဝပေးကြမ္မာလေ။ ငြင်းပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် ရှိလို့လား။



ဒါပေမဲ့ မရှိခိုးနိုး ဆိုသလို အဲဒီ နိမ့်ကျတဲ့ ဘဝကြောင့်ပဲ ကျွန်တော်တို့ဟာ မြေနိမ့်ရာ လှံစိုက်ခံရတယ်။ အလွယ်တကူနဲ့ ပစ်မှတ်ဖြစ်ရတယ်။ ဒါတောင် ကံကောင်းတယ်ဆိုရမယ်။ အများစုက ကျွန်တော်တို့ကို ကြင်နာပါတယ်။ ဒါပေမဲ့ အားလုံးတော့ မဟုတ်ဘူး။ လူတိုင်း ကောင်းတယ်မထင်နဲ့ဆိုတဲ့ သင်ခန်းစာကို သင်ယူခဲ့ရတယ်ပဲ မှတ်ပါတယ်ဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

## ဘော့ပ်ဘီး

ပူနွေးတဲ့ နွေညနေခင်းတစ်ခုမှာတော့ အလုပ်စောစောသိမ်းခွင့် ရခဲ့တယ်။ ရာသီဥတုကကောင်းတော့ အားလုံး ပြုံးပန်းဆင်နိုင်တဲ့ အခွင့်ကောင်းကို ယူပြီး ရောင်းရမယ့် မဂ္ဂဇင်းအားလုံး စောစောစီးစီးပဲ ရောင်းကုန်ခဲ့တယ်လေ။

ဒါပေမဲ့ ဘစ်အစ်ရှူးရောင်းလာတာ ကြာပြီဆိုတော့ အတော်လေး ချင့်ချိန်တတ်နေပြီ။ နောက်နေ့တွေအတွက် မဂ္ဂဇင်း ပြန်ဝယ်ထားရမယ်။ ဘော့ပ်ကို ပခုံးပေါ်တင်ပြီး အစ်စလင်တန်မြောက်ပိုင်း ဘစ်အစ်ရှူး အရောင်းကိုယ်စားလှယ် ရီတာ့ဆီ ရှေးရှု လျှောက်လိုက်တယ်။ အိမ်အပြန် ဘတ်စ်ကားစီးဖို့ လမ်းကြောင်းပေါ်မှာပဲ ဆိုတော့ လမ်းသင့်ပါတယ်။

ရီတာ့နားမှာ ကျွန်တော့်လို အရောင်းသမားတွေ အုပ်လိုက်ကြီးဝိုင်းနေတယ်။ အလို…ရီတာက အနီရောင်စက်ဘီးလေးတစ်စီးပေါ် ခွထားပါလား။

"ဘယ်လိုလဲ ရီတာ၊ ပြင်သစ် စက်ဘီးစီးပြိုင်ပွဲ ဝင်မလို့လား"

လို့ ကျွန်တော် နောက်လိုက်တယ်။

"ဟုတ်ပါဘူး ဂျိမ်းစ်ရယ်"

သူက ပြုံးပြီး ပြန်ပြောတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"လူတစ်ယောက်က ဒီစက်ဘီးကို မဂ္ဂဇင်းဆယ်စောင်နဲ့ အတင်း လဲသွားတာ၊ ဒါနဲ့ ဘာလုပ်ရမှန်းလဲ မသိပါဘူး၊ ကျွန်မက စက်ဘီးနဲ့ မဖြစ်ဖူး ထင်တယ်"

အင်း… စက်ဘီးက သိပ်အကောင်းကြီးတော့ မဟုတ်ဘူး။ သံချေး နည်းနည်း လိုက်နေပြီ။ ဒါပေမဲ့ အဆိုးကြီးလည်း မဟုတ်ဘူး။ အသင့်အတင့်ပေါ့။

"နင်းလို့ရော ရရဲ့လား ရီတာ"

"ရပါတယ်၊ ဘရိတ်ကတော့ နည်းနည်းလေး သတိထားဆွဲရတယ်၊ ဒီလောက်ပါပဲ"

ကျွန်တော် ဘာစဉ်းစားနေလဲ သူ သိပုံပါပဲ။

"စမ်းကြည့်ပါလား ဂျိမ်းစ်"

"အင်း… ဘော့ပ်ကို ခဏကြည့်ထားပေး"

ကျွန်တော်ဟာ ငယ်ငယ်ကတည်းက စက်ဘီးစီးလာတာ။ ပြန်လည် ထူထောင်ရေးစခန်းမှာ နေတုန်းကလည်း စက်ဘီးပြင်သင်တန်း တက်ခဲ့ရဖူးတယ်။ ဒါကြောင့် စက်ဘီးကို ကောင်းကောင်း ပြင်တတ်တယ်။

ဘီးကိုယူပြီး သေချာကြည့်လိုက်တယ်။

"အင်း… တာယာက လေအပြည့်၊ ချိန်းကြိုးကလည်း ဆီဝပြီး ကောင်းကောင်း လည်တယ်၊ ဖင်ထိုင်ခုံက နည်းနည်းလေး နိမ့်တယ်၊ အသာလေး ဆွဲမြှင့်လိုက်တယ်၊ ရတယ်၊ ဂီယာတွေ ကောင်းကောင်း အလုပ်လုပ်တယ်၊ ရှေ့ဘရိတ်ကတော့ ရီတာပြောသလိုပဲ၊ ကပ်တပ်တပ်နဲ့ သိပ်မမိချင်ဘူး၊ အထဲက ဝါယာကြိုးမှာ ပြဿနာရှိတာ ဖြစ်မယ်။ ဒါ အပရိက ကိစ္စပဲ၊ ခဏလေးနဲ့ ပြင်လို့ရတယ်၊ နောက်ဘရိတ်တွေကတော့ ကောင်းတယ်၊ အိုကေ"

"ဟင်…ဘာလို့ ဒါတွေ ပြောနေတာတုံး"

စက်ဘီးစစ်ဆေးမှုအစီရင်ခံစာကို ပြောပြနေလို့ ရီတာက ကျွန်တော့်ကို မေးတာလေ။ ကျွန်တော့်စိတ်ထဲတော့ ဆုံးဖြတ်ချက် ချလိုက်ပြီ။

"ကျွန်တော့်ကို ရောင်းလေ၊ ဆယ်ပေါင်ပေးမယ်"

"ဟယ်…တကယ်လား၊ သေချာလို့လား"

"အင်း… သေချာတယ်"

"ပြီးရော၊ ယူသွားတော့၊ ရှင်လည်း စက်ဘီးနဲ့ဆို အဆင်ပြေမှာပါ"

mgyoe.com

mgyoe.com
SAMPLE BOOK

သူက စက်ဘီးစီးဦးထုပ် အဟောင်းလေးတစ်လုံး ထုတ်ပေးတယ်။ အတော်ဟောင်းတဲ့ ဦးထုပ်မည်းလေးပါ။

ကျွန်တော်က ပစ္စည်းဟောင်း ကောက်ရတာ ဝါသနာပါတယ်။ ဖက်ရှင်ဆိုင်က အဝတ်အစားဝတ်ပေးပြီး ထောင်ထားတဲ့ လူရုပ်ကနေ ရုပ် ကြည့် သွားလမ်းဆိုင်းဘုတ်ထိ ကျွန်တော့်တိုက်ခန်းလေးမှာ အဟောင်းအမြင်းတွေ အပြည့်ပဲ။ ဒါပေမဲ့ ဒီတစ်ခါကတော့ မတူဘူး။ ဒါက တကယ်အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုပဲ။ တော့တင်ဟမ်တစ်ဝိုက် ဈေးဆိုင်သွားဖို့ ဆရာဝန်ဆီသွားဖို့ စက်ဘီးကို သုံးနိုင်တယ်။ ဆယ်ပေါင်လောက်ကတော့ ဘတ်စ်ကားခ သက်သာ တာနဲ့တင် တန်လှပြီ။ အိန်ဂျယ်ဘူတာတို့၊ လန်ဒန်မြို့လယ်ကောင်တို့ သွားရင်တော့ ဘတ်စ်ကားနဲ့၊ ဒါမှမဟုတ် မြေအောက်ရထားနဲ့ပဲ ဖြစ်မယ်။ သူက ခရီးသိပ်ရှည်တယ်ကိုး။ လမ်းတွေ သိပ်များတယ်ကိုး။ စက်ဘီးသမားတွေ ခဏ ခဏ ကားတိုက်ခံရတယ်ကိုး။

ခု စက်ဘီးနဲ့ အိမ်ပြန်ရမယ့်ခရီးကို စိတ်ကူးထဲမှာ မြေပုံဆွဲကြည့်နေတယ်။ မလွယ်ဘူး။ ဘတ်စ်ကားဒရိုင်ဘာတွေဟာ စက်ဘီးကို ကားပေါ်တင်တာ မကြိုက်ဘူး။ မြေအောက်ရထားပေါ် စက်ဘီးတင်ဖို့ကတော့ စဉ်းတောင် မစဉ်းစားနဲ့။ ဂိတ်ကို စက်ဘီးနဲ့ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါဆို မြေပေါ်ရထားရော၊ ကျွန်တော့်အိမ်နားရောက်တဲ့ မြေပေါ်ရထားလိုင်းမှ မရှိပဲ။

ကဲ…ဒီလို ဆိုတော့လည်း ဒီလိုပဲပေါ့၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြောလိုက်တယ်။

"အိုကေ ဘော့ပ်ရေ၊ ကြည့်ရတာ ငါတို့ စက်ဘီးစီးပြီး အိမ်ပြန်ရမယ် ထင်တယ်"

ရီတာ့ဘေး၊ ပလက်ဖောင်းပေါ် နေရောင်အောက်မှာ မှိန်းနေတဲ့ ဘော့ပ်ဟာ မျက်လုံးတစ်ဝက်ဖွင့်ပြီး ကျွန်တော့်ကို မေးကြည့်နေတယ်။ ကျွန်တော် စက်ဘီးပေါ်တက်လိုက်တဲ့အခါ ခေါင်းတစ်ခြမ်းစောင်းပြီး ကြည့်ပြန်တယ်။ အဲဒီ စက်ကြီးက ဘာတုံး၊ ကြည့်ရတာ အန္တရာယ်ကြီးမယ့်ပုံပဲ၊ ခင်ဗျား ဘာလို့ အဲဒီပေါ် တက်နေတာလဲဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။

စက်ဘီးစီးဦးထုပ်ကိုဆောင်း၊ ကျောပိုးအိတ်ကို နေသားတကျဖြစ်အောင် လွယ်ပြီး သူ့ရှေ့ကိုသွား။

"လာ ဘော်ဒါ၊ ဒိုးကြစို့"

mgyoe.com

mgyoe.com

သူက ခုန်တက်တယ်။ ပခုံးပေါ်မှာ နေရာ ယူတယ်။

"ကံကောင်းပါစေ"

ရီတာက ပြောတယ်။

"ကျေးဇူးပါပဲ၊ ကျွန်တော်တို့အတွက် အသုံးကျမှာပါ" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

အစ်စလင်တန်ပ်ဟိုင်းလမ်းဟာ တစ်လမ်းလုံးနီးပါး ကားပိတ်နေတယ်။ အစ်စလင်တန် မန်မိုရီယယ်ဂရင်းဆီ ဦးတည်ပြီး စက်ဘီးကို ပလက်ဖောင်းပေါ်ကနေ ဖြည်းဖြည်းချင်း နင်းလာခဲ့တယ်။ ရဲနှစ်ယောက်လောက်က ကျွန်တော်တို့ကို ကြည့်နေတယ်။ ဘာမှတော့ မပြောပါဘူး။ ပခုံးပေါ် ကြောင်တင်ပြီး စက်ဘီး မနင်းရဆိုတဲ့ ဥပဒေမှ မရှိဘဲ။ မရှိဘူးလို့ ထင်တာပဲလေ။ ရှိရင် ဖမ်းပြီးတာ ကြာပေါ့။ ကြည့်ရတာ သူတို့လည်း အလုပ်ရှုပ်နေပုံပါပဲ။ ဘုရားသခင် ကျေးဇူး တော်ပေါ့။

လမ်းပေါ်တက်ပြီး စက်ဘီးမနင်းရဲလို့ လူသွားလမ်းပေါ်က ဖြည်းဖြည်းချင်း နင်းလာတယ်။ လူတွေက ဝိုင်းကြည့်ကြတယ်။ လက်ညှိုးထိုးပြကြတယ်။ တခြားကမ္ဘာက ဧည့်သည်တွေ ကျနေတာပဲ။

ဂရင်းလမ်းထောင့်ကို ဖြတ်တယ်။ ဝါးတားစတုန်း စာအုပ်ဆိုင်ကို ကျော်တယ်။ မြောက်လန်ဒန်သွား လမ်းမကြီးဖြစ်တဲ့ အက်ဆက်လမ်းပေါ် ရောက်ပြီ။

"ကဲ… လာပြီ ဘော့ပ်ရေ"

ကျပ်လှတဲ့လမ်းမပေါ် သတ္တိမွေးပြီး နင်းရတော့တယ်။ ဘတ်စ်ကားတွေ၊ ဗင်ကားတွေ၊ ဆီဒင်တွေ၊ လော်ရီတွေကို ဝိုးခနဲ ကျော်လာခဲ့တယ်။

ဘော့ပ်နဲ့ကျွန်တော် စက်ဘီးပေါ်မှာ တဖြည်းဖြည်း အသားကျလာတယ်။ ဘော့ပ်ကလည်း သူ့ကိုယ်သူ ကျွန်တော့်ပခုံးပေါ်မှာ အသားကျအောင် နေတတ်လာတယ်။ ကုပ်ကိုခွပြီး ခေါင်းကို အောက်စိုက်လို့ ဟန်ချက်ကို ထိန်းထားတယ်။ သူ ပျော်နေပုံပါပဲ။

နေ့လယ်ခင်းမို့ ကျောင်းဆင်းလာတဲ့ကလေး အများကြီး တွေ့ရတယ်။ အက်ဆက်လမ်းပေါ်က ကျွန်တော်တို့ကို ကလေးတွေက လက်လှမ်းပြကြတယ်။ ကျွန်တော် လက်ပြန်ပြဖို့ ကြိုးစားရင်း ဟန်ချက်ပျက်ပြီး ယိုင်သွားတယ်။ ဘော့ပ် လည်း ဟန်ချက်ပျက်ရှာတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"အိုး…ဆောရီးပဲကွာ၊ နောက် မလုပ်တော့ပါဘူး"

ဟန်ချက်ကို ပြန်ထိန်းရင်း ကျွန်တော်တို့ ခရီးဆက်ကြတယ်။

တိုးတက်မှုရှိပေမယ့် အစပိုင်းမှာတော့ နှေးတယ်။ မီးနီမိနေတုန်း ခတ်ပုံ ရိုက်ချင်လို့ အတင်းလာရိုက်တဲ့ ကောင်မလေး နှစ်ယောက်က ရှိသေး။

"အမယ်လေး…ချစ်စရာကောင်းလိုက်တာနော်" လို့ ကောင်မလေး တစ်ယောက်က ကြိတ်မနိုင် ခဲမရ ပြောတယ်။

စက်ဘီးမစီးတာ အတော်ကြာသွားပြီမို့ ကျွန်တော့် ခန္ဓာကိုယ်က အဆင်သင့် မဖြစ်ဘူး။ နည်းနည်းမောနေတယ်။ အသက်ရှုမြန်နေတယ်။ ကျွန်တော် တို့ကို မြင်တဲ့ လူအများစုက ဟာဒယနှလုံး ရွှင်ပြုံးကြပေမယ့် တချို့ကတော့ ခေါင်းခါကြတယ်။

"စောက်ရူးပဲ"တဲ့။

ဝတ်စုံပြည့်နဲ့ လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်က ကျွန်တော် တို့ကို ကောင်းချီးပေးသွားတယ်။

သူ ဘာပြောပြော ကျွန်တော်တို့ကတော့ ပျော်သဗျာ။ ဘော့ပ် ခေါင်းကြီးက ကျွန်တော့်နားနားကပ်ထားတယ်။ သူလည်း ပျော်တယ်။

နိဝင်တန်ဂရင်းအတိုင်း ဆင်းချလာတယ်။ ကင်းစ်လန်း လမ်းကနေ တဆင့် ညီအစ်မခုနစ်ဖော်လမ်းထိ ဦးတည်တယ်။ အဲဒီကနေ မျှော်ကြည့် လိုက်တဲ့အခါ ကုန်းဆင်းနည်းသွားပြီ။ လမ်းက ပြန့်နေတယ်။ ဒါပေမဲ့ ဒီကနေ တစ်မိုင်နီးပါး ကုန်းဆင်းချလို့ ရသေးတယ်။

ဟေးဟေး…ရှေ့မှာ စက်ဘီးလမ်းကလေး သတ်သတ်ရှိတယ်။ ဘာမှ မရှိဘူး။ ရှင်းနေတာပဲ။ ပျော်ပျော်ကြီး ကုန်းဆင်းချလာတယ်။ နွေလေ နွေးနွေးလေး တဟူးဟူးနဲ့။ ကောင်းလိုက်တာ။ အီးတီကားထဲက အီလီယော့လို ပျော်နေမိတယ်။ ခု ဆင်းချလာတာ တစ်နာရီ မိုင်နှစ်ဆယ်နှုန်းလောက် ရှိတယ်။

စက်ဘီးလမ်းသာ ရှင်းနေတာ၊ ကားလမ်းကတော့ ပိတ်မှပိတ်ပဲ။ လူတွေဟာ ပြတင်းပေါက်တွေဖွင့်ပြီး လေညင်းခံနေကြတယ်။ ကားပေါ်က ကလေးနှစ်ယောက် ကျွန်တော်တို့ကို အော်ဟစ်နေကြတယ်။ လူတွေက အားကျတဲ့ အကြည့်နဲ့ ကြည့်နေတယ်။ ကြောင်နဲ့လူ နှစ်ယောက် စက်ဘီးနဲ့ သူတို့ကို ကျော်တက်သွားပြီလေ။

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ပြန်ရောက်ဖို့ နာရီဝက်ပဲကြာတယ်။ ဒါတောင် ခာတ်ပုံရိုက်ဖို့ တားခံရတာတွေ ရှိသေးတယ်။

တိုက်တန်းရှေ့ရောက်တော့ ဘော့ပ်က ပခုံးပေါ်က ခုန်ဆင်းတယ်။ ဘတ်စ်ကားပေါ်က ဆင်းသလိုပေါ့။ တစ်နေ့တာ အလုပ် ပြီးပြီပေါ့။

တိုက်ခန်းပြန်ရောက်တော့ ကျွန်တော် တစ်နေ့လုံး စက်ဘီးကို သနေ လိုက်တယ်။ ရှေ့ဘရိတ်ကို ပြင်တယ်။ အထွေထွေ ပြင်ဆင်မှုလုပ်တယ်။

"ကဲ…အားလုံးပြီးပြီဟေ့၊ ဘော့ပ်စီးတဲ့ စက်ဘီး၊ ဘော့ပ်ဘီးပေါ့ကွာ"

ကျွန်တော် ပြောတာကို သူ သဘောတူတယ်လို့ ထင်တာပဲလေ။

ဘော့ပ်နဲ့ ကျွန်တော် ဆက်ဆံရေးဟာ ဘာကြောင့် ခုလောက်ထိ ကောင်းနေရတာလဲလို့ လူတွေကမေးတိုင်း ကျွန်တော် ခုလို ပြန်ဖြေလေ့ရှိတယ်။

'ဒါက ရှင်းပါတယ်။ ဘော့ပ်မှာ သူ့ကိုယ်ပိုင် ဘာသာစကား ရှိတယ်၊ ကျွန်တော်က ဒါကို နားလည်အောင် လုပ်တာပါပဲ'

အပိုပြောကြတယ်လို့ ထင်ချင်ထင်၊ ဒါဟာ အမှန်ပါ ခင်ဗျ။

သူ့အဓိက ဘာသာစကားက ခန္ဓာကိုယ်နဲ့ ပြောတာပါ။ သူ ဘာခံစား ရတယ်၊ ဘာလိုချင်တယ်ဆိုတာကို အချက်ပြတယ်လေ။ ကျွန်တော်တို့လမ်းပေါ်မှာ လျှောက်နေကြတုန်း အခင်းကြီး သွားချင်ပြီဆိုရင် သူ့ဆီက ဂရူး ဂရူး အသံ နည်းနည်း ထွက်လာတယ်။ ပခုံးပေါ်မှာ ငြိမ်ငြိမ် မနေနိုင်တော့ဘူး။ ဒါဆို လှည့်ကြည့်စရာ မလိုဘူး။ ကျွန်တော် သိပြီ။ အသာချပေးလိုက်။ သူ့ဘာသာသူ ပါကောင်းတဲ့ နေရာရှာပြီး လုပ်စရာရှိတာ လုပ်လိမ့်မယ်။

လမ်းလျှောက်နေရင်း ဂလု ဂလု အသံထွက်လာမယ်။ မော့ကြည့် မယ်။ ပေကတ်ကတ်လုပ်နေမယ် ဆိုရင်-

"ကဲ…ကျုပ်ကို ချီတော့၊ ဆက်မလျှောက်နိုင်တော့ဘူး" ဆိုတဲ့ အဓိပ္ပာယ်ပဲ။

အဲ… သူ ကြောက်ပြီဆိုရင်တော့ ကျွန်တော့်ပခုံးပေါ်ကကို မဆင်း တော့ဘူး။ တကယ်လို့ မြေပေါ်မှာ ရှိနေမယ်ဆိုရင်တော့ ကျွန်တော့်ခြေနှစ်ဖက် ကြားထဲ ဝင်နေတယ်။ ချီ ချီ ဆိုတဲ့ အဓိပ္ပာယ်။ ဒါပေမဲ့ အဲသလို ကြောက်တာမျိုးက

mgyoe.com

mgyoe.com

ရှားပါတယ်။ လူနာတင်ယာဉ်၊ ဒါမှမဟုတ် ရဲကားရဲ့ ဥသြဆွဲသံတွေကိုလည်း သူ ကြောက်လေ့မရှိဘူး။ အသားကျနေပြီလေ။ နည်းနည်း ကြောက်တာကတော့ ဘတ်စ်ကားနဲ့ ဧရာမ လော်ရီကားကြီးတွေရဲ့ ရှူးခနဲ လေဘရိတ်နင်းတဲ့အသံ။ သူ့နားမှာ အဲဒီ အသံ ကြားရင်တော့ ခမျာလေးမှာ တွန့်သွားရှာတယ်။ ဖျောက်အိုးနဲ့ မီးရှူးဖောက်သံကိုလည်း သူ ကြောက်တယ်။ ဒါပေမဲ့ မီးပန်း ကြည့်ရတာ ကြတော့ ကြိုက်ပြန်တယ်။

တစ်ခါတလေတော့ သူ့အမြီးယမ်းတဲ့ပုံစံကို ကြည့်ပြီး သူ့အနေအထားကို ခန့်မှန်းရတယ်။ အိပ်ချင်မူးတူးဖြစ်နေရင် အမြီးက ငြိမ်နေတယ်။ ကားရေသုတ်တံလို ဟိုဘက်ဒီဘက် အမြီး ဘယ်ညာ ယမ်းနေတယ်ဆိုရင် ပျော်နေတယ်လို့ သတ်မှတ်တယ်။ လန်ဒန်မြို့လယ်မှာ သူနဲ့ ကျွန်တော် အတူသွားလာနေတာ ကြာလှပြီ၊ ဒီလို မကြာခဏ တွေ့ရတာကိုး။ အိန္ဒိယဂျယ်ဘူတာမှာ သူ့ကို ဖမ်းဖို့ ကြံစည်တဲ့ လေဒီကြီးဟာ ဒီ အမြီးလှုပ်ရှားမှုကို အဓိပ္ပာယ်ကောက်လွဲတဲ့ပုံပါပဲ။ ဒေါပွလာပြီဆိုရင်တော့ ဘော့ပ်အမြီးက ပန်းဖွားလို ပွလာ ထောင်လာတတ် တယ်လေ။

တခြားသော ဆက်သွယ်နည်းတွေရှိပါသေးတယ်။ သူ ကျွန်တော့်ကို စိတ်ပူလာရင်၊ ကျွန်တော် နေထိုင်မကောင်းရင် အနားမှာ ပွတ်သီးပွတ်သပ် လုပ်နေတတ်တယ်။ ရင်ဘတ်ပေါ် ခေါင်းကြီးတင်ပြီး ကျွန်တော့်ကို စမ်းသပ်သလို လုပ်တတ်သေးတယ်။ လက်ကို မျက်နှာနဲ့ ခွေ့ပြီး ချွဲနေချိန် သူ့နားရွက်နောက်ကို ပွတ်ပေးလို့ကတော့ အကြီးအကျယ်ဇိမ်ပေါ့။ တိရစ္ဆာန်ဗေဒပညာရှင်တွေရဲ့ အလိုအရ ဒါဟာ သူ ကျွန်တော့်ကို ချစ်တယ်လို့ ဆိုလိုတာပါပဲတဲ့။

ဒါပေမဲ့လို့ သူအများဆုံး အချက်ပြတာကတော့ အစာနဲ့ ပတ်သက်နေတယ်။ ဆာပြီဆိုလို့ကတော့ ယောက်ယက်ခတ်ပြီမှတ်။ ခဏခဏလည်း မော့ကြည့်တယ်။ တံခါးနားမှာ တအီအီလုပ်နေမယ်။ မသိချင်ယောင်ဆောင်နေလို့ကတော့ အနားကပ်လာပြီး ဒူးကို လာတို့လိမ့်မယ်။ ကျေးချင်စိတ်ပေါ်စေမယ့် အကြည့်လေးနဲ့ ကြည့်လိမ့်မယ်။ သူ့ ဖန်တီးနိုင်စွမ်းတွေက မကုန်ခန်းနိုင်လောက်အောင်ပါပဲ။

အဲ…ကျွန်တော် ကွန်ပျူတာဂိမ်း ကစားနေချိန်ဆိုရင်တော့ ကျွန်တော့်အာရုံ သူ့အပေါ်ရောက်ဖို့ ဆိုတာ သူ့အတွက် တကယ့် စိန်ခေါ်မှုကြီးပဲ။ ကျွန်တော့်မှာ အချိုအချောင်ရထားတဲ့ တစ်ပတ်ရစ် အိတ်စ်ဘောက်စ်ဂိမ်းစက်လေး

mgyoe.com
SAMPLE BOOK


ရှိတယ်။ များသောအားဖြင့်တော့ ကျွန်တော်က ကစား၊ သူက ကြည့်ရင်း အဆင်ပြေကြတယ်။ ကားမောင်းဂိမ်းတို့ဘာတို့ဆို သူလည်း သဘောကျတယ်။ ကားမောင်းရင်း ရုတ်တရက်တွေ့ရတဲ့ အချိုးအကွေ့တွေဆိုရင် သူနဲ့ ကျွန်တော် ပြိုင်တူ ခန္ဓာကိုယ် ကြီးတွေ ယိမ်းကြတာပေါ့။ သေနတ်ပစ်ဂိမ်းတွေတော့ သူ မကြိုက်ဘူး။ အဲဒါမျိုး ကစားပြီဆိုရင် သူ့နေရာမှာ သူ သွားခွေနေတတ်တယ်။ ဂိမ်းထဲက၊ ဒါမှမဟုတ် အားမလို အားမရနဲ့ ကျွန်တော် အော်လိုက်တဲ့ အသံကျယ်ကျယ်ကြားရရင် ခေါင်းကြီး ထောင်ကြည့်တယ်။

'ဘယ်လို ဖြစ်နေလဲ၊ ဒီမှာ အိပ်မလို့ ကြံနေတာ မမြင်ဖူးလား' ဆိုတဲ့ အဓိပ္ပာယ်။

ကျွန်တော်ကလည်း ကျွန်တော်ပဲ။ တစ်ခါတလေ ည ကိုးနာရီ လောက်က စကစားလိုက်တာ သန်းခေါင်သန်းလွဲအထိ မပြီးဘူး။ ဒါမျိုးဆို သူ နည်းနည်းမှ မကြိုက်ဘူး။ အမျိုးမျိုးလုပ်ပြပြီ။ အထူးသဖြင့် ဆာလာပြီဆိုရင် သူ ကျွန်တော့်ကို ဂျီကြတာပေါ့။ အဲဒီအထိ ကျွန်တော်က အာရုံမစိုက်မိ ဘူးဆိုလို့ကတော့ မှတ်လောက်သားလောက် လုပ်ပြပြီသာ မှတ်ပေတော့။

တစ်ညတော့ ဘယ်လီနဲ့ ကျွန်တော် နှစ်ယောက်တွဲ ဂိမ်းတစ်ခုကို ကစားနေကြတယ်။ ဘော့ပ်ဟာ လွန်ခဲ့တဲ့ နှစ်နာရီလောက်က ညစာစားပြီးသား။ ဒါပေမဲ့ သရေစာ စားမယ်လို့ ဆုံးဖြတ်ပုံရပါတယ်။ ဒါကြောင့် သူ့ကို ဂရုစိုက်ဖို့ သူ လုပ်နေကျနည်းလမ်းတွေနဲ့ ကျွန်တော့်ကို ဆွယ်နေတယ်။ တညောင်ညောင်လုပ်၊ ခြေထောက်ကို ကိုယ်လုံးနဲ့ပွတ်၊ မျိုးစုံလုပ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ကလည်း နောက်တစ်ဆင့်တက်ဖို့ သဲကြီး မည်းကြီး ဖြစ်နေတော့ သူ့ကို ဂရုမစိုက်နိုင်ဘူး။

သူ ဘာလုပ်တယ်မှတ်တုံး။ တီဗွီနဲ့ အိတ်စ်ဘောက်စ်ကို မီးပေးတဲ့ ခလုတ်ခုံဆီ ရောက်သွားတယ်။ မိန်းခလုတ်ကို ခေါင်းနဲ့ ပွတ်နေတယ်။

"ဘော့ပ် ဘာလုပ်နေတာလဲ"

အဲဒီ အချိန်ထိ သူ့အကြံဆိုးကို ကျွန်တော် မရိပ်မိသေးဘူး။ ဂိမ်းထဲမှာ အရမ်းနစ်နေတာကိုး။

အဲဗျာ တီဗွီစကရင်ဟာ ဖြတ်ခနဲ မည်းသွားတယ်။ အိတ်စ်ဘောက်စ် လည်း ပါဝါပိတ်သွားတယ်။ ဘော့ပ်ဟာ မိန်းခလုတ်ကို ခေါင်းနဲ့ ထိုးပိတ်လိုက် တာကိုး။ ကျွန်တော်တို့ဟာ တကယ့် အသည်းအသန် ဖြစ်တဲ့နေရာကို ရောက်နေပြီး

mgyoe.com

mgyi

အဆင့်တက်နိုင်အောင် အပြင်းအထန် ကျားကုတ်ကျားခဲ ကစားနေကြတာဆိုတော့ သူ့ကို ဒေါ်ပွသင့်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်လုံး သူ လုပ်လိုက်တာကို မယုံနိုင်ဘူး ဖြစ်နေကြတယ်။

"သူ မီးခလုတ်ပိတ်လိုက်တယ်လား"

ဘယ်လီက ကျွန်တော့်ကို မေးတယ်။

"အင်းလေ၊ တို့မျက်စိရှေ့တင်ပဲ၊ ဒါပေမဲ့ မယုံနိုင်ဘူးနော်"

ဘောပ်ကတော့ ခပ်တည်တည်ရပ်ရင်း ကျွန်တော်တို့ကို ရှုတည်တည်ကြည့်နေတယ်။

'ကဲ...မှတ်ပလား၊ ဂရုမစိုက်ဘဲ နေချင်ဦး' ဆိုတဲ့ မျက်နှာပေးမျိုး။

ကျွန်တော်နဲ့ သူ့ဆက်ဆံရေးမှာ ဘောပ်ရဲ့ အချက်ပြမှုတွေ၊ ခန္ဓာကိုယ်လှုပ်ရှားမှုတွေကိုချည်းပဲ အားကိုးနေတာ မဟုတ်ပါဘူး။ တစ်ခါတလေ ကျွန်တော်ရော သူပါ နှစ်ယောက်လုံး တစ်ယောက်နဲ့ တစ်ယောက် ဘာစဉ်းစားနေတယ်၊ ဘာလုပ်နေတယ် ဆိုတာကို သိနိုင်တဲ့ တယ်လီပသီ ဆက်သွယ်ရေးစနစ်လည်း ရှိတယ်။ အထူးသဖြင့် အန္တရာယ်နဲ့ ကြုံချိန်မှာပေါ့။

စက်ဘီးရပြီး ရက်နည်းနည်းကြာတဲ့အခါ ဘောပ်နဲ့ ကျွန်တော် ပန်းခြံတစ်ခုကို သွားကြတယ်။ သူ့ အီးပါ၊ ရှူးပေါက် ပြုဖွယ်ကိစ္စအတွက်ပါ။ ခုတော့ ကျွန်တော့်ပခုံးပေါ်ကနေပြီး ဘောပ်ဘီးကို စီးရတာ သူ အတော် အသားကျပြီး ဖိမ်တွေ့နေခဲ့ပြီ။ အေးဆေးပဲ။

ပန်းခြံက ခပ်နုပ်နုပ်ပဲ။ ဘောပ်ကတော့ သူ့ကိစ္စအတွက် ချုံကောင်းကောင်း ရှာချင်နေပြီ။ စိတ်ချရတယ် ထင်တဲ့အတွက် သူ့ကို လွှတ်ပေးလိုက်တယ်။ ကြောင်ထိန်းကြိုး ဆွဲမထားဘူး။ အလုပ်လည်း ပြီးခဲ့ပြီမို့ ကာတွန်းတစ်အုပ်နဲ့ နေရောင်အောက်မှာ အေးအေးဆေးဆေးနှပ်မယ်လို့ ကြံနေတုန်း ခပ်ဝေးဝေး တစ်နေရာက ခွေးဟောင်သံလိုလို ကြားလိုက်တယ်။

အို...ဘာတုံးဟလို့ တွေးမိတယ်။ ဒါပေမဲ့ ခပ်ဝေးဝေးပဲ ထင်မိနေတယ်။ နောက်တစ်ခါ ခွေးဟောင်သံ အကျယ်ကြီး ကြားလိုက်တဲ့အခါမှာတော့ လှမ်းကြည့်လိုက်မိတယ်။ အလိုလေး၊ ရောမ ဂျာမန်သိုးထိန်းခွေးကြီးတစ်ကောင်

mgyee.com

mgyoe.com

ပန်းခြံအဝမှာ၊ ထိန်းကြိုးလည်း မပါဘူး။ ကျွန်တော်တို့နဲ့ ကိုက် ၁၅၀ လောက်ပဲ ဝေးတယ်။ ကြည့်ရတာ ပြဿနာရှာမယ့် အကောင်ကြီးပဲ။

"ဘော့ပ်၊ ဘော့ပ် မြန်မြန်လာ"

ကျွန်တော် ဘော့ပ်ကို အော်ခေါ်တယ်။ ကြောက်လည်း အတော်ကြောက်သွားတယ်။ စိုးရိမ်တာပါ။ ဘော့ပ်ကလည်း ကျွန်တော် သူ့ကို ခေါ်နေတာကို သိပုံပဲ။ ချုံပုတ်ထဲကနေ ခေါင်းကြီး ပြူကြည့်တယ်။ ကျွန်တော် သူ့ကို လက်ဝှေ့ယမ်းပြတယ်။ အသံမထွက်ဘဲ မြန်မြန်ပြေးလာစေချင်တာ။ ခွေးကြီး သတိပြုမိသွားမှာကို မလိုချင်ဘူး။ ဘော့ပ်ကလည်း ငနပ်ဆိုတော့ ဘာဖြစ်နေတယ်ဆိုတာ ချက်ချင်းသိတယ်။ ချုံပုတ်ထဲက အမြန်ထွက်လာတယ်။ ခပ်သွက်သွက်ပြေးလာတယ်။ သူက ခွေး မကြောက်ပါဘူး။ ဒါပေမဲ့ ဉာဏ်ရှိတဲ့ အကောင်လေ။ ဂျာမန်သိုးထိန်းခွေးဟာ သူ့ပြိုင်ဘက် မဟုတ်ဘူး။ တိုက်ပွဲဆင်နွှဲလို့ရတဲ့ အကောင် မဟုတ်ဘူးဆိုတာ သူ သိတယ်။

ဒါပေမဲ့ ဘော့ပ်ရဲ့ အဝါတောက်တောက် အရောင်ကြီးက ထင်ရှားလွန်းတယ်။ ခွေးက ချက်ချင်းမြင်တယ်။ ဟောင်ပြီး တစ်ဟုန်ထိုးပြေးလာတယ်။ ဘော့ပ် မီပါ့မလား။ ကျွန်တော် စက်ဘီးပေါ်တက်တယ်။ တစ်ရှိန်ထိုးနင်းဖို့ တာစူတယ်။ ဘော့ပ် ကျွန်တော့်ဆီ မရောက်ခင် ခွေးက ရောက်လာရင် သေပြီ။



mgyoe.com

m gyoe SAMPLE BOOK

ဒါပေမဲ့ ကျွန်တော် သူ့ကို လျှော့တွက်မိပြီ။

ဘော့ပ်ဟာ လျှပ်စီးလက်သလို မြက်ခင်းကို ဖြတ်ပြေး။ ကျွန်တော့် ပခုံးပေါ် လွှားခနဲ ခုန်တက်လိုက်တာများ မြန်လိုက်တာ။ ကျွန်တော်လည်း ခြေနင်းကို အပြင်းနင်းတော့တယ်။

ကျွန်တော်တို့ လမ်းပေါ်ရောက်ချိန်မှာ ခွေးကြီးဟာ ဒေါသအပြင်းအထန် ထွက်ပြီး ကျန်ရစ်ခဲ့တယ်။ ဘော့ပ်က ကျွန်တော့်ပခုံးပေါ်ကနေပြီး ဂရုဏ်ရဲ့ ခွေးကို ရန်စောင်နေတယ်။ သူ့မျက်နှာကို မမြင်ရပေမဲ့ မာန်တက်နေမယ့်ရုပ်ဆိုတာ သိနေတယ်။

'ဟော့ကောင်ကြီး မင်း ဘာတတ်နိုင်သေးလဲ' လို့ ခွေးကို ပြောနေမယ့် ရုပ်မျိုးဖြစ်မှာ။

စိတ်ချရတဲ့နေရာရောက်မှ နောက်လှည့်ကြည့်လိုက်တယ်။ ဂျာကင် အမည်း၊ ဂျင်းဘောင်းဘီနဲ့ ခွေးပိုင်ရှင်ကောင်ဟာ သူ့ခွေးကို ထိန်းကြိုးနဲ့ ချိတ်ဖို့ အပြင်းအထန် ကြိုးစားနေတယ်။ ဒါသူ့ ပြဿနာပဲ။ ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး။ ကျွန်တော် ဘော့ပ်ကို ပြောမိတယ်။

"သိသိလေး လွတ်သွားတယ် ဘော့ပ်ရေ၊ ဘော့ပ်တီးလေး ကျေးဇူးပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

## ထူးဆန်းတဲ့စုံတွဲ

ကျွန်တော့် တိုက်ခန်းကို ညှော်သည်လာတယ်ဆိုတာ အင်မတန် ရှားပါတယ်။ ကျွန်တော့်မှာ မိတ်ဆွေ အပေါင်းအသင်း များများစားစား မရှိသလို ဒီတိုက်တန်းက လူတွေနဲ့လည်း သိပ်အဆက်အဆံ မရှိဘူး။ အိမ်နီးနားချင်းတွေနဲ့ စကားပြောဖူးတာ ရှိပေမယ့် လက်ငါးချောင်း မပြည့်ဘူး။ ဒါကြောင့် အခန်းတံခါး ခေါက်ရင်၊ ဒါမှ မဟုတ် မြေညီထပ်က အခန်းအင်တာကွန်းခေါ်သံ ကြားရင် အမြဲတမ်း ဘယ်သူပါလိမ့်ဆိုပြီး စိတ်ရှုပ်ရတယ်။ အမြဲ အဆိုးဆုံးကို တွက်ထား မိတယ်။ လာဖမ်းတာလား၊ အကြွေးလာတောင်းတာလား စသဖြင့်ပေါ့။

သော့ပ်နဲ့ ကျွန်တော် အလုပ်သွားဖို့ ပြင်နေတုန်း မနက် ကိုးနာရီလောက် အင်တာကွန်း မြည်လာတော့ အဲသလိုပဲ တွေးမိတယ်။

“ဂျိမ်းစ်ရေ၊ တင့်ချ်ပါ၊ မင်းသမီးလေးနဲ့ အတူ မင်းအခန်း တက်လာလို့ ရမလား”

စပီကာကနေ အသံထွက်လာတယ်။

“အား…တင့်ချ်၊ လာလာ၊ လက်ဖက်ရည်လေး ဘာလေး သောက် ကြတာပေါ့”

mgyoe.com

ကျွန်တော် အတော် စိတ်သက်သာသွားတယ်။

တင့်ချိဆိုတာ နာမည်နဲ့လိုက်အောင် ဆံပင်ကောက်ကောက် အကောင်သေးသေး ငနဲလေးပဲ။ ဘစ်အစ်ရှုး အရောင်းသမားအသစ်အဖြစ် ပြန့်စရမယ့် ဆေးပြတ်ခါစ ငနဲပေါ့။ သူ နေရေးထိုင်ရေး သိပ်ခက်တဲ့ အချိန်တုန်းက ကျွန်တော့်ဆီ တစ်ခါ၊ နှစ်ခါ လာနေဖူးတယ်။ အစွလင်တန်မှာ ဘစ်အစ်ရှုး အရောင်းကိုယ်စားလှယ် ဖြစ်ပြီးကာမှ ပြဿနာတက်လို့ ခြောက်လ ဆိုင်းငံ့ ခံရတယ်။ ခု ဆိုင်းငံ့ကာလလွတ်အောင် စောင့်နေရတဲ့ အချိန်ပေါ့။

တင့်ချိနဲ့ ကျွန်တော်ဟာ အတော်လေး တူတယ်။ ဘောပ်နဲ့တွေ့ပြီးနောက် ဘဝမှာ ဒုတိယံမွှ အခွင့်အရေးကို ကျွန်တော် ရခဲ့သလို တင့်ချိလည်း ရသင့်တယ်။ သူဟာ အင်မတန် စိတ်သဘောထားကောင်းတယ်ဆိုတာ ကျွန်တော် အသေအချာ သိတယ်။

တင့်ချိနဲ့ ကျွန်တော် နောက်ထပ်တူတဲ့အချက်ကတော့ လမ်းပေါ်မှာ အချစ်တော် တိရစ္ဆာန်လေးတွေနဲ့ အတူ အလုပ်လုပ်ရတာပါပဲ။ ကျွန်တော့်မှာ ဘောပ်ရှိသလို တင့်ချိမှာ မင်းသမီးလေး ရှိတယ်။ လာဘရာဒါ စတက်ဖို့ဒ်ရှိုင်းယား ဘူးတယ်ရီယာ ခွေးမလေးပါ။ အင်မတန် ချစ်စရာကောင်းပါတယ်။ တင့်ချိ ကျွန်တော့်ဆီမှာ လာနေတုန်းကတော့ သူ မင်းသမီးလေးကို ဘယ်နေရာထားခဲ့လဲ မသိဘူး။ ဘောပ်နဲ့ မင်းသမီးလေး၊ ကြောင်နဲ့ ခွေး တစ်အိမ်ထဲရှိရင် ပြဿနာ တက်မယ်ဆိုတာ သူ သိတယ်လေ။ ဒါပေမဲ့ ဒီနေ့တော့ ဘယ်လိုဖြစ်တယ် မသိ။ မင်းသမီးလေးနဲ့ အတူ အိမ်ပေါ်တက်လာပါရစေတဲ့။

အိမ်တံခါးခေါက်သံကြားတာနဲ့ ဘောပ် ခေါင်းထောင်လာတယ်။ တင့်ချိနဲ့ မင်းသမီးလေးကို တွေ့တဲ့အခါမတော့ သူ့ကိုယ်ကြီး ခုံးထလာတယ်။ ဂူးဂဲနဲ့ ရန်လိုသံတွေ ထွက်လာတယ်။ ကြောင်တွေဟာ ဖိုက်တင်ချတော့မယ်ဆိုရင် ကျောကုန်းကြီး ခုံးထပြီး ခန္ဓာကိုယ်ကြီးသယောင် ဟန်လုပ်တတ်တယ်။ အမွေးတွေ ထောင်ထအောင်လုပ်တာလည်း ဒီအတိုင်းပဲ။ ဒါပေမဲ့ ဘောပ်ပူစရာ မလိုပါဘူး။ မင်းသမီးလေးက သူ့ကို ကြောက်တယ်။ ဘောပ်ကိုမြင်တာနဲ့ ခြေလှမ်းတောင် တုံ့သွားတယ်။ ရယ်စရာပဲ။ ကြီးတဲ့ခွေးက သေးတဲ့ကြောင်ကို ကြောက်နေတာ တဲ့လေ။

"အေးဆေးနေ မင်းသမီးလေး၊ သူ နင့်ကို ဘာမှ မလုပ်ဘူး"

mgyoe.com

mgyoe.com

ကျွန်တော် မင်းသမီးလေးကို အိပ်ခန်းထဲထည့်ပြီး တံခါးပိတ်ပေးထားလိုက်တယ်။ သူ လုံခြုံသွားအောင်ပေါ့။

လက်ဖက်ရည်မတ်ခွက် လှမ်းပေးလိုက်ချိန်မှာ တင့်ချိုက လိုရင်းကို ပြောတယ်။

"ဂျိမ်းစ်ရေ၊ ဒီနေ့ မင်းသမီးလေးကို မင်းကြည့်ပေးထားနိုင်မလားကွာ၊ ငါ လူမှုဖူလုံရေးကိစ္စ သွားဖြေရှင်းရမှာမို့လို့ပါ"

အဲဒီကိစ္စ ဘယ်လောက် ရှုပ်ထွေးတယ်ဆိုတာ ကျွန်တော် သိတဲ့အတွက်-

"အေးပါ၊ ပြဿနာ မရှိပါဘူး၊ မဟုတ်ဘူးလား ဘော့ပ်ရေ" လို့ လှမ်းပြောလိုက်တယ်။

ဘော့ပ်က ကျွန်တော့်ကို ဘာတုံးဆိုတဲ့ မျက်နှာပေးနဲ့ လှမ်းကြည့်တယ်။

"ဒီနေ့ ငါတို့ အိန်ဂျယ်မှာ ရှိမယ်၊ မင်းသမီးလေးကို ငါတို့နဲ့ တူတူခေါ်သွားမယ်လေ"

"အိုကေ၊ ငါ အဲဒီကို ညနေ ခြောက်နာရီလောက် ရောက်အောင် လာမယ်လေ"

"အိုကေ"

"ကဲ…ဒါဆို ငါသွားမယ်။ တန်းစီရဦးမှာ အရှည်ကြီးဟ"

တင့်ချိုက ကျွန်တော့်အိပ်ခန်းတံခါးကို ဟ၊ ခေါင်းဝင်ပြီး-

"သမီးလေး၊ ကောင်းကောင်းနေနော်" လို့ သူ့ခွေးမကို နှုတ်ဆက်သွားတယ်။

ခုနက တွေ့ခဲ့ရသလိုပဲ၊ ဘော့ပ်ဟာ ခွေးမြင်ရင် ရန်ဖြစ်ဖို့ ပြင်ထားပေမယ့် သူ့ကို လာမလုပ်ရင် အေးဆေးပါ။ သူ့လာလုပ်ရင်တော့ ပြန်တွယ်တယ်။ ကိုဗန့်ပန်းခြံမှာတုန်းက သူ ခွေးနှာနုကို ကုတ်ထည့်လိုက်သေးတာလေ။

ခွေးတင်လားဆိုတော့ မဟုတ်ဘူး။ တခြားကြောင်တွေနဲ့လည်း သူ သိပ်တည့်တာ မဟုတ်ဘူး။ သူ့ကိုယ်သူ ကြောင်မှန်းတောင် သိရဲ့လားလို့ တစ်ခါတလေ သံသယ ဖြစ်မိတယ်။ တခြားကြောင်တွေကို သူက မတူသလို မတန်သလို ဆက်ဆံတာ။ ခင်းတို့ က အောက်တန်းစား၊ ငါ က အထက်တန်းစား ဆိုတဲ့ စတိုင်မျိုး။

mgyoe.com

SAMPLE BOOK


ခုတစ်လော အလုပ်သွားရတာ ပိုခက်လာတယ်။ တော့တင်ဟမ်ပိုက် လမ်းကနေ အိန်ဂျယ်ထိ တိုက်ရိုက်သွားတဲ့ ဘတ်စ်ကားလိုင်းက ဖျက်လိုက်သတဲ့လေ။ ဒါကြောင့်မို့ အိန်ဂျယ်နဲ့ တစ်မိုင်လောက်ဝေးတဲ့ နီဝင်တန်ဂရင်းမှာ ကားပြောင်းစီး၊ ပိုက်ဆံကျပ်ရင် အဲဒီကနေ အိန်ဂျယ်ထိ လမ်းလျှောက်ပေါ့။ အဲဒီလမ်းတစ်လျှောက် ကြောင်တွေ့တိုင်း ဘော့ပ်ဟာ ရန်စောင်တတ်တယ်။ သူက အထက်စီးက ဆိုတဲ့ ဂိုက်မျိုး ဖမ်းတတ်တယ်။ ခုလည်း မင်းသမီးလေးကို သူ အဲသလို ဂိုက်ဖမ်းဦးမှာ။

အလုပ်ကို ဘော့ပ်နဲ့ မင်းသမီးလေး အတူခေါ်သွားဖို့ဆိုတာ ခက်တဲ့ကိစ္စပဲ။ ဘော့ပ်က ပခုံးပေါ်တင်သွားလို့ရပေမယ့် မင်းသမီးလေးကို အဲသလို တင်သွားလို့ ဘယ်ရမလဲ။ ဆိုတော့ ခရီးဖင့်တာပေါ့။

ဘတ်စ်ကားဂိတ်သွားတဲ့ လမ်းတစ်လျှောက် မင်းသမီးလေးကို ခေါ်သွားရတာ တကယ့်ဒုက္ခကြီးပဲ။ သူဟာ ခွေးထိန်းကြိုးတစ်ဆုံး တောက်တက်တောက်တက်နဲ့ လျှောက်ပြီး မြက်ခင်းတွေ့တိုင်း ဆောင့်ကြောင့်ထိုင် ရှုရှုပန်းတာ ကိုက်နှစ်ရာအတွင်း သုံးခါထက် မနည်းဘူး။

"လာပါ မင်းသမီးလေးရာ၊ ငါတို့ ရောက်တော့မှာ မဟုတ်ဘူးဟ"

ကျွန်တော့်ဆုံးဖြတ်ချက်အတွက် နောင်တ ရမိတယ်။ ဒါကြောင့်မို့လည်း ခွေးမမွေးချင်တာ။

အဲသလို မင်းသမီးလေးနဲ့ ကျွန်တော် ချောက်ကျနေချိန်မှာ ဘော့ပ်ကတော့ အေးဆေးပဲ။ ဘတ်စ်ကားပေါ်ရောက်တော့လည်း ဘော့ပ်ဟာ ထိုင်နေကျအတိုင်း ပြတင်းပေါက်မှန်နားမှာ ကပ်ထိုင်တယ်။ ကျွန်တော့်ခြေထောက်နားမှာ ဝပ်နေတဲ့ မင်းသမီးလေးကို တစ်ချက် တစ်ချက်လှမ်းကြည့်တယ်။ မျက်နှာပေးကတော့ သူ့ပိုင်နက်ထဲ ကျူးကျော်လာရင် လုပ်မယ် ဆိုတဲ့ ရုပ်မျိုးပဲဗျ။ ထိုင်ခုံအောက်မှာ နေရာက သိပ်မရှိလို့ မင်းသမီးလေးဟာ အနေအထားပြောင်းလိုက်တိုင်း ဘော့ပ်က လှမ်းလှမ်းကြည့်တယ်။

'ဟဲ့…ခွေးငထိုင်းမ၊ ဘာလို့ ငြိမ်ငြိမ်မနေနိုင်တာလဲ' လို့ မာန်ချင်တဲ့သဘောပေါ့လေ။

ရာသီဥတုက မကောင်းဘူးခင်ဗျ။ မိုးကရွာနေတယ်။ အစ္စလင်တန်ရောက်တော့ အစ္စလင်တန်ဂရင်း ပန်းခြံလေးမှာ ဘော့ပ်ကို တပိုတပါးသွားဖို့

mgyoe.com

mgyoe.com

ခေါ်သွား၊ မင်းသမီးလေးလည်း သွားချင်သွားပါစေလို့ လွှတ်လိုက်တာ မဟာ အမှားပဲ။ မင်းသမီးလေးဟာ ပါတော်မူဖို့အရေး နေရာရွှေးတော်မူနေတာကိုက အတော်ကြာတယ်။ ခွေးချေးခံပြီး အမှိုက်ပုံးထဲ ထည့်ဖို့ ပလတ်စတစ်အိတ်လေး ဘာလေးယူခဲ့ရမှာ။ ခုတော့ ပါမလာဘူး။ ဘော့ပ်ကတော့ ကိစ္စပြီးရင် မြေကြီးနဲ့ ပြန်ဖုံးခဲ့တာကိုးဗျ။ ခွေးကျောင်းရတာ စိတ်ညစ်လာပြီ။

ခဏနေတော့ မိုးသည်းလာတယ်။ ကဖေးဆိုင်လေးတစ်ဆိုင်မှာ မိုးဝင်ခိုရတယ်။ စားပွဲထိုးမလေး ရောက်လာတော့ ကျွန်တော့်အတွက် လက်ဖက်ရည် တစ်ခွက်၊ ဘော့ပ်အတွက် နို့တစ်ဘူး၊ မင်းသမီးလေး အတွက် ရေတစ်ပုလင်းမှာရတယ်။ စားပွဲမှာ ဘော့ပ်နဲ့ မင်းသမီးလေးရဲ့ ထိန်းကြိုးတွေ သိုင်းချည်ပြီး ကျွန်တော် အိမ်သာဝင်လိုက်တယ်။

နှစ်မိနစ်လောက်ပဲကြာတာပါ။ ပြန်ရောက်လာတော့ နေရာ အနေအထား တွေ ပြောင်းနေတာ တွေ့ရတယ်။ သူတို့ကို ထားသွားတုန်းက ဘော့ပ်က ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်၊ မင်းသမီးလေးက စားပွဲအောက်မှာ ရပ်နေတယ်။ ပြန်လာတော့ ဘော့ပ်က စားပွဲပေါ်မှာ ထိုင်ရင်း၊ နွားနို့ လျက်နေတယ်။ မင်းသမီးလေးက စားပွဲအောက်မှာ ထိုင်ရင်း ရေခွက်ကို ငူငူကြီး ကြည့်နေတယ်။ ဘယ်လိုဖြစ်တယ်မှန်းတော့ မသိပါဘူး။ ကြည့်ရတာ ငါက ဆရာကွလို့ ဘော့ပ်က မင်းသမီးလေးကို ပြနေပုံပါပဲ။

ထုံးစံအတိုင်း ဘော့ပ်ဟာ ဖြတ်သွားဖြတ်လာလူတွေကို ဆွဲဆောင် နေတယ်။ ရာသီဥတုက မှိုင်းညို့ပြီး မိုးမပြတ်တမ်းရွာနေပေမယ့် အမျိုးသမီး နှစ်ယောက်လောက်ကတော့ သွားနေရာကနေ တုံ့ခနဲရပ်ပြီး ဘော့ပ်ကို ဟယ်လိုကြ၊ ပွတ်သပ် ချော့မြှူကြတာပါပဲ။ စားပွဲအောက်က မင်းသမီးလေး ခမျာတော့ မြှူသူ မရှိ၊ ပွတ်သူ နတ္ထိ၊ သူရှိလို့ရှိနေမှန်းတောင် မသိကြဘူး။ သနားပါတယ်။ သူဘယ်လို ခံစားနေရမလဲ ကျွန်တော် သိပါတယ်။ တစ်ခါတလေ ဘော့ပ်ရဲ့ အာဝါသအောက်မှာ ကျွန်တော်လည်း အဲသလို ခံစားပြီး နေခဲ့ရတာပဲလေ။

မိုးနည်းနည်းစဲသွားတော့ ကျွန်တော်တို့ အိမ်ဂျယ်ကို ချီတက်လာခဲ့ ကြတယ်။ ဘော့ပ်နဲ့ ကျွန်တော် ကိုယ့်နေရာကိုယ်ယူကြတယ်။ မင်းသမီးလေး ကတော့ ကျွန်တော်တို့နဲ့ ခပ်လှမ်းလှမ်းမှာ ဝပ်နေတယ်။ ခေါင်းလေးတော့ ကျွန်တော်တို့ဘက်လှည့်ထားသားပဲ။ သူ့ကို အသုံးမကျဘူးလို့ ထင်မိတာ

mgyoe.com

SAMPLE BOOK

မှားတယ်။ သူဟာ တန်ဖိုးရှိတဲ့ ဟာကလေးပါပဲ။

မဂ္ဂဇင်းတစ်အုပ်ကို နှစ်ပေါင်နဲ့ရောင်းနိုင်ဖို့အရေး လမ်းသွားလမ်းလာတွေကို ဆွယ်ဖို့ ကြိုးစားနေရတယ်။ မင်းသမီးလေးဟာ ပလက်ဖောင်းပေါ် ခေါင်းတင်ရင်း မျက်လုံးက စောင့်ကြည့်ရေး ကင်မရာလို ဖြတ်သွား ဖြတ်လာ လူတွေကို လိုက်ကြည့်နေတယ်။ အန္တရာယ်မရှိဘူးထင်ရင် ငြိမ်နေတယ်။ အန္တရာယ်ရှိတယ်ထင်ရင် ဝေါက်ခနဲ ထထိုင်တယ်။ သူ မသင်္ကာရင် မာန်ဖီတယ်၊ ဟောင်သံပေးတယ်။ မဆိုးဘူး။ သူပါတာ လုံခြုံသွားပဲ။

တစ်နာရီလောက်ကြာတော့ ငမူးတစ်ကောင် လေဂါဘီယာဘူးကြီး ကိုင်ပြီး ကျွန်တော်တို့နားကို ဒယိမ်းဒယိုင်နဲ့ လျှောက်လာတယ်။ ဒါ အိန္ဒိယ်မှာ နေ့စဉ်တွေ့ရတဲ့ ဘဝပါပဲ။ ကျွန်တော့်ဆီက ဘီယာဖိုး တစ်ပေါင်လောက်ပေးစမ်း ဆိုပြီး လာလာတောင်းကြတယ်လေ။ မင်းသမီးလေးဟာ ငမူးကို တွေ့တော့ ထရပ်လိုက်တယ်။ ဝေါင်းခနဲ ဟောင်လိုက်တယ်။ သူဟာ ကမ္ဘာ့အကြီးဆုံးခွေး မဟုတ်ပေမဲ့ ထရပ်လိုက်တဲ့အခါ အတော်ခံ့ထည်တဲ့အတွက် ငမူးဟာ ကြောက်သွားတယ်။ ကျွန်တော်တို့ဆီ မလာတော့ဘူး။ ရှောင်သွားတယ်။ သနားစရာ တခြား တစ်ယောက်ယောက်ကို သွားတောင်းမှာပေါ့။

လူတွေ ဘောပ်ကို ပွတ်သပ်ချော့မြှူဖို့ ဒူးထောက်ချလိုက်တာနဲ့ မင်းသမီးလေးဟာ ခေါင်းထောင်ကြည့်တယ်။ သတိထားနေတယ်။ ကျွန်တော်တို့ သုံးဦးအဖွဲ့ရဲ့ အသေးဆုံး အဖွဲ့ဝင်ကလေးကို အန္တရာယ်မပြုဘူးဆိုတာ သေချာမှ ခေါင်းပြန်လှည့်သွားတယ်။ မသင်္ကာရင်တော့ ကွက်ကြည့် ကွက်ကြည့် လုပ်နေတတ်တယ်။

တကယ်တော့ မင်းသမီးလေးပါတဲ့အတွက် ကျွန်တော် အတော်လေး သက်သာတယ်။ မဂ္ဂဇင်းရောင်းနေချိန် ဘောပ်ကို မျက်စိဒေါက်ထောက်ကြည့် နေရတာ မလွယ်ဘူး။ အထူးသဖြင့် လူသွားလူလာ ရှုပ်ချိန်မှာပေါ့။ ဟိုဘွားတော်ကြီးနဲ့ ကွိုင်တက်ပြီးကတည်းက ကျွန်တော့်မှာ စိတ်ပူနေရတယ်လေ။

"ကျေးဇူးပဲ မင်းသမီးလေးရေ"

ကျွန်တော် ခွေးမလေးကို လှမ်းပြောရင်း ကျောပိုးအိတ်ထဲက စားစရာလေး ထုတ်ကျွေးလိုက်တယ်။

ဘောပ်ကလည်း ခုတော့ မင်းသမီးလေးပါလာတာကို ကျေနပ်ပုံပဲ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျေနပ်တဲ့အကြည့်နဲ့ နှစ်ခါလောက် ကြည့်တာ တွေ့ရတယ်။ 'ကောင်မလေး မင်း မဆိုးပါဘူးလို့' စိတ်ထဲက ပြောနေမှာပေါ့။

တစ်နေ့လယ်လုံး ရာသီဥတုက ကောင်းမလာဘူး။ ခြောက်နာရီနား ကပ်လာတဲ့အခါ ကျွန်တော် တင့်ချိုကို စမျှော်တယ်။ ဒီနေ့ ရောင်းကောင်းတဲ့ အတွက် အိမ်ပြန်ချင်နေပြီလေ။ နောက်မကျချင်ဘူး။ ဒါပေမဲ့ တင့်ချိုရဲ့ အရိပ်အယောင် မမြင်သေးဘူး။ ခြောက်နာရီထိုးသွားပြီ။ ကျော်သွားပြီ။ ဒါပေမဲ့ ပေါ်မလာဘူး။ ဘစ်အစ်ရှူး အရောင်းတာဝန်ခံတစ်ယောက်ကို တွေ့လိုက်တယ်။ သူတို့အားလုံး တင့်ချိုကို သိကြတယ်။ သူ့ကို ကျွန်တော် လှမ်းမေးလိုက်တယ်။

"သူ့ကို မတွေ့တာကြာပြီ၊ ပြဿနာတက်ပြီးကတည်းကပဲ၊ ရှင် သိတယ်မဟုတ်လား"

"အေးပါဗျာ"

ခြောက်နာရီခွဲသွားပြီ။ ကျွန်တော် စိတ်နည်းနည်းပူလာတယ်။ လမ်းပေါ်က လူတွေဟာ ဘယ်အချိန်တိကျပါ့မလဲ။ ဒါပေမဲ့ ခုဟာကတော့ အဓိပ္ပာယ် မရှိဘူး။ ဒီလောက်ဆို တော်သင့်ပြီလေ။

"ကဲ…ငါ့ကောင်တို့ အိမ်ပြန်ကြစို့၊ မင်းသမီးလေးရေ၊ တင့်ချို ညည်းကို အိမ်မှာ လာခေါ်မယ် ထင်တယ်ကွာ"

ပစ္စည်းတွေသိမ်းပြီး ပြန်ဖို့ ပြင်တယ်။ စိတ်တော့ အပူသားပဲ။ ဘော့ပ်နဲ့ မင်းသမီးလေးဟာ ခု တည့်နေတယ် ထင်ရပေမယ့် ည တူတူသိပ်ရင် ဘယ့်နဲ့နေမယ် မသိဘူးလေ။ မင်းသမီးလေးက တစ်ညလုံး ဟောင်၊ အိမ်နီးနားချင်းတွေက ပူညံ ပူညံလုပ်လို့ အိပ်ရေးပျက်ဦးမယ်လို့ ကြိုမြင်ယောင်နေတယ်။

စတိုးဆိုင်ဝင်ပြီး မင်းသမီးလေးအတွက် ညစာဝယ်ရတယ်။ သူ ဘာကြိုက်မှန်း ဘယ်သိပါ့မလဲ။ ပုံမှန်ခွေးစာနဲ့ ခွေးဘီစကွတ်တွေ ဝယ်လိုက်တယ်။

အိမ်ရောက်တော့ မီးဖိုခန်းထဲမယ် စုပြီး ကျွန်တော်တို့ ညစာစားကြ တယ်။ ဘော့ပ်ကတော့ အစဉ်လိုက် ညစာစားစေချင်တယ်။ မင်းသမီးလေးက အစာခွက်ဆီ လှမ်းလိုက်တော့ ဘော့ပ်ဟာ မာန်ဖီနေတယ်။ သူ့နို့ခွက်ကို အရင် ဖြည့်ပေးပေါ့လေ။

ဒါပေမဲ့ သူက မူလဂျီလုပ်နေတာပါ။ ခဏနေတော့ သူ့အစာခွက်ကို မင်းသမီးလေး ဝင်နှိုက်နေတော့လည်း ဘာမှ မပြောဘူး။

mgyoe.com

mgyoe.com

*'အင်း…ငါ အားလုံး မြင်ပါတယ်ကွ'* လို့ စိတ်ထဲက ပြောမိတယ်။ တကယ်တော့ အားလုံး မမြင်ပါဘူးလေ။

ညဆယ်နာရီလောက်မှာ တီဗွီရှေ့မှာပဲ ကျွန်တော် အိပ်ပျော်သွားတယ်။ ဖျတ်ခနဲ လန့်နိုးလာတဲ့အခါ ဗွီဒီယိုကင်မရာလေး တစ်လုံးလောက် ရှိချင်လိုက်တာ ဆိုတဲ့ တောင့်တစိတ်ဖြစ်ပေါ်လာစေတဲ့ မြင်ကွင်းမျိုးကို တွေ့လိုက်ရတယ်။ ဗွီဒီယိုလေးရိုက်ထားလို့ရရင် တီဗွီက ပြနေတဲ့ ချစ်စရာ တိရစ္ဆာန်လေးများဆိုတဲ့ ပြကွက်မျိုးရမှာ။

ဘော့ပ်နဲ့ မင်းသမီးလေးဟာ ကော်ဇောပေါ်မှာ ဘေးချင်းယှဉ်ပြီး အိပ်နေကြသဗျ။ ကျွန်တော် အိပ်ပျော်မသွားခင်က သူတို့ကို တစ်နေရာစီ ထားထားတာ။ ဘော့ပ်က သူ့အကြိုက် အပူပေးစက်နားမှာ၊ မင်းသမီးလေးက တံခါးနားမှာ။ မင်းသမီးလေးဟာ အပူပေးစက်နား တရွေ့ရွေ့နဲ့ ကုလားအုတ် ခေါင်းတိုးသလို တိုးလာတယ်ထင်တယ်။ သူ့ခေါင်းနဲ့ ဘော့ပ် နှာခေါင်းဟာ တပေလောက်တောင် မကွာဘူး။ တစ်သက်လုံး တူတူနေလာကြတဲ့ စုံတွဲလိုပဲဗျ။ အိမ်ရှေ့တံခါး လော့ခ်ချ၊ မီးတွေ ပိတ်ပြီး အိပ်ခန်းထဲ ဝင်လိုက်တယ်။ နောက်တစ်နေ့ မနက် ခွေးဟောင်သံကြားမှပဲ နိုးလာတော့တယ်။ နိုးနိုးချင်း အိမ်ထဲမှာ ခွေးတစ်ကောင်ရှိပါလားဆိုတာ မှတ်မိဖို့ အချိန်နည်းနည်းယူလိုက်ရတယ်။

"မင်းသမီးလေး ဘာဖြစ်တာလဲ"

အိပ်ချင်မူးတူးနဲ့ ကျွန်တော် ခုတင်ပေါ်က လှမ်းမေးလိုက်တယ်။

အိမ်မွေးတိရစ္ဆာန်တွေဟာ သူတို့ပိုင်ရှင် အနားရောက်လာရင် အလိုလို သိတဲ့စိတ်ရှိတယ်လို့ ပြောကြတယ်။ ဘယ်လီလည်း ပြောဖူးတယ်။ ကျွန်တော် မရှိတုန်း သူနဲ့ ဘော့ပ် တိုက်ခန်းမှာနေနေရင် ကျွန်တော် ပြန်လာပြီဆိုတာကို ဘော့ပ်က အမြဲ အရင်ဆုံး သိတာတဲ့။ မီးဖိုခန်းပြတင်းပေါက်မှန်မှာ မျက်နှာကြီး ကပ်ရင်း လမ်းကို စိုက်ကြည့်နေတတ်သတဲ့။ မင်းသမီးလေးလည်း ဒီလိုပဲ။ ခဏနေတော့ တံခါးခေါက်သံကြားရော။ အဲဒါ တင့်ချ်ပဲ။

မုတ်ဆိတ်ဗရပွနဲ့ ပါးချောင်နားချောင်ကျနေတဲ့ မျက်နှာကို မြင်ရ

တဲ့အခါ ညက အိပ်ရေးပျက်လာတယ်ဆိုတာ သိပ်သိသာတယ်။ တင့်ချိုလို ကောင်မျိုး အတွက်တော့ အိပ်ရေးပျက်စရာက တွေ့ဖို့ အခွင့်အလမ်းများသကိုး။

"မနေ့ညက လာမလို့ပဲ၊ တစ်ယောက် ရောက်လာတာနဲ့ကွာ"

တင့်ချိုက တောင်းပန်တဲ့ လေသံနဲ့ ပြောတယ်။ ကိစ္စ မရှိပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း အဲသလို ညပေါင်းများစွာကို ဖြတ်သန်းခဲ့ရဖူးတာပဲ။

တင့်ချိုအတွက် လက်ဖက်ရည် နောက်တစ်ခွက် ထပ်ဖျော်၊ ပေါင်မုန့် မီးကင်လိုက်တယ်။ ဗိုက်ထဲ နွေးနွေးထွေးထွေး ဖြစ်သွားစေချင်တာ။



ဘော့ပ်က အပူပေးစက်နားမှာ လှဲနေတုန်းပဲ။ မင်းသမီးလေးက သူနဲ့ နှစ်ပေလောက်အကွာမှာ ခွေနေတယ်။ ဘော့ပ်မျက်လုံး တစ်ဖက်က သူ့ အဖော်သစ်ကို ရှိုးနေတယ်။ သူတို့ နှစ်ယောက်ကို တွေ့သွားတဲ့ တင့်ချိုမျက်နှာက မချိုမချဉ်ကြီး။ ခဏနေတော့ စပ်ဖြဲဖြဲကြီး ဖြစ်လာတယ်။ ကျွန်တော် သူ့ကို ပြောလိုက်တယ်။

"ကြည့်စမ်း နှစ်ကောင်သား အတွဲကျနေတာပဲ"

"အေးလေကွာ၊ ငါဖြင့် ယုံတောင် မယုံနိုင်ဘူး"

တင့်ချိုဆိုတဲ့ အကောင်ဟာ အခွင့်အရေးရရင် ဘယ်တော့မှ လက်လွှတ်ခံတဲ့ အကောင်မျိုး မဟုတ်။

mgyoe.com

ပေါင်မုန့်မီးကင်ကို ဝါးရင်း သူ ကျွန်တော့်ကို မေးတယ်။

"ငါ့ကိစ္စတွေက မပြီးသေးဘူးကွာ၊ မင်းသမီးလေးကို ထားခဲ့ဦးမယ်ဆို ဖြစ်မလားဟင်"

ကျွန်တော် ချက်ချင်း ပြန်ဖြေလိုက်တယ်။

"ဘာလို့ မဖြစ်ရမှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

## လှေကားထစ်ပေါ်က တစ္ဆေ

ဒီရက်ပိုင်း မိုးက ဆက်တိုက် ရွာနေတယ်။ လန့်ဒန်လမ်းတွေလည်း ရေအိုင်ငယ်လေးတွေ ဘဝ ပြောင်းကုန်ပြီ။ ဘော့ပ်နဲ့ ကျွန်တော်လည်း အမြဲတမ်း တုတ်တုတ်ကျအောင် စိုရွှဲပြီး အိမ်ပြန်ရတယ်။ ဒီနေ့တော့ လက်မြှောက်လိုက်ပြီ။ အိမ်စောစောပြန်မယ်။

နေ့လယ်ပိုင်းမှာ အိမ်ပြန်ရောက်၊ အဝတ်စိုတွေ ချွတ်ချင်လှပြီ။ ဘော့ပ်ကလည်း အပူပေးစက်နား ကပ်ချင်လှပြီ ဆိုကာမှ ထုံးစံအတိုင်း ဓာတ်လှေကားက ပျက်နေပြန်တယ်။

"ကောင်းရောကွာ၊ လှေကားနဲ့ တက်ရတော့မယ်ဟေ့ ဘော့ပ်ရေ"

သူက ကျွန်တော့်ကို မျက်နှာအိုကြီးနဲ့ ကြည့်နေတယ်။

သူ့ကို ပခုံးပေါ်က ချပေးလိုက်တယ်။ လမ်းလျှောက်တက်လေကွာ။

စတုတ္ထထပ်ကနေ ပဉ္စမထပ်ကို တက်တဲ့ လှေကားထစ်တွေကို ခြေလှမ်း မလို့လုပ်တုန်း ကျွန်တော်တို့အထက် လှေကားပေါ်မှာ အရိပ်တစ်ခုကို မြင်မိတယ်။

"ဘော့ပ် ခဏနေခဲ့ဦး"

mgyoe.com

mgyoe.com

ဘော့ပ်ကိုထားခဲ့ပြီး ကျွန်တော် အသာလေး တက်ကြည့်လိုက်တယ်။ လူတစ်ယောက် လှေကားပေါ်မယ် နံရံကို မှီနေတယ်။ လက်ထဲမှာ ပြောင်ပြောင်လက်လက် အရာတစ်ခု။ အင်း...သူ ဘာလုပ်နေတယ်ဆိုတာ ကျွန်တော် ချက်ချင်းပဲ သိလိုက်တယ်။

အရင်တုန်းက ဒီတိုက်တန်းတွေဟာ မူးယစ်ဆေးသုံးသူတွေ၊ ရောင်းသူတွေနဲ့ အင်မတန် စည်ကားခဲ့တယ်လေ။ ဆေးစွဲသူတွေဟာ ဒီတိုက်တန်း လှေကားထစ်တွေပေါ်မှာ ဆေးခြောက်ရှူ၊ ဟီးရိုးအင်းထိုးနဲ့ ခု ငနဲ လုပ်သလို လုပ်ကြတယ်ပေါ့။ ကျွန်တော် ပြောင်းလာတဲ့ နှစ်ပိုင်းမှာ ရဲတွေက ဒီတိုက်တန်းတွေကို ရှင်းထားတယ်။ ဒါပေမဲ့ အကုန်ရှင်းနိုင်တာတော့ ဘယ်ဟုတ်မလဲ။ ကောင်လေးတွေ ရဲဖန်ရံခါတော့ လာလာလုပ်ကြသေးတယ်။ ကျွန်တော် အရင်နေခဲ့တဲ့ ဒယ်လ်စတန်က အိမ်ရာလောက်တော့ မဆိုးဘူး။ အဲဒီမှာကတော့ ဆေးသမားတွေချည်းပဲ။ ဒါပေမဲ့ ခုလို လာလုပ်တာ အိမ်နီးနားချင်းတွေ အတွက်တော့မကောင်းဘူး။ ဒီမှာက မိသားစုတွေ ရှိနေတာကိုး။ ကလေးတွေ ကျောင်းကပြန်လာရင် လှေကားထစ်ပေါ်မှာ ဘိန်းဖြူထိုးနေတဲ့ ဆေးသမားနဲ့ ဘယ်ကြုံစေချင်ပါ့မလဲနော်။

ကျွန်တော့်အတွက်ကတော့ ဒီမြင်ကွင်းဟာ ကျွန်တော် အတိတ်မှာ ချန်ထားပစ်ဖို့ ကြိုးစားနေတဲ့ အရာတစ်ခု ကိုယ်ထင်ပြတာပါပဲ။ ခုချိန်ထိလည်း ဆေးသံသရာထဲက အပြီးရုန်းထွက်ဖို့ အသည်းအသန် ကြိုးစားနေရဆဲပါ။ ဒါက စိတ်ဆင်ရိုင်းရဲ့ သဘာဝကိုး။

ဒါပေမဲ့ ဘော့ပ်နဲ့တူတူနေဖြစ်ပြီးနောက်ပိုင်းမှာ ကျွန်တော် လမ်းကြောင်းမှန်ပေါ် ရောက်လာခဲ့တယ်။ ဟီရိုးအင်း ဘိန်းဖြူနဲ့ မက်သဒုန်း နှစ်မျိုးလုံးကို ဖြတ်လိုက်နိုင်တယ်။ ဆေးစွဲမှုကို တဖြည်းဖြည်း လျှော့ပေးမယ့် အပျော့စားဆေး တစ်မျိုး ဖြစ်တဲ့ ဆူဘူတက်စ်ကို သုံးဖို့ ဆေးညွှန်းပေးထားတယ်။

ဆေးဖြတ်ဌာနက ကျွန်တော့်ရဲ့ အတိုင်ပင်ခံကတော့ ဆေးဖြတ်တဲ့ နောက်ဆုံး အဆင့်ဟာ လေယာဉ်ပျံ မြေပေါ်ဆင်းရသလိုပဲတဲ့။ မြေပေါ်ကို ဖြည်းဖြည်းမှန်မှန်နဲ့ ငြိမ့်ငြိမ့်ညောင်းညောင်းပဲ ဆင်းရတယ်တဲ့။ ခုဆို ဆူဘူတက်စ် သုံးနေတာ လပေါင်း များစွာ ကြာခဲ့ပြီ။ လေယာဉ်ဆင်းဖို့ ဂီယာချလိုက်ပြီ။ ရှေ့မှာ လေယာဉ်ပြေးလမ်းရဲ့ မီးရောင်တွေကို မြင်နေရပြီ။ အဆင်းဟာ အစီအစဉ်အတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ချောမွေ့နေခဲ့ပြီ။ မြေပေါ်ကို ဘေးမသီ ရန်မခ ရောက်လုနီးပြီဆိုမှ ခု လာတွေ့နေရတာက၊ အင်း...။

"ဒီလူကွာ၊ မတွေ့ချင်ပါဘူး ဆိုမှကွာ" လို့ ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။

ဒီဘဲဟာ အသက်လေးဆယ်ကျော်လောက် ရှိပြီ။ ဆံပင်တိုတိုနဲ့၊ ကုတ်အနက်၊ တီရှပ်၊ တွဲကျနေတဲ့ဂျင်းဘောင်းဘီတွေ ဝတ်ထားတယ်။ ကံကောင်းချင်တော့ သူဟာ ဖိုးစိတ်တို မဟုတ်ဘူး။ ဆန့်ကျင်ဘက်ပဲ၊ အတော်ညင်သာတဲ့သူ၊ တောင်းပန်နေသေးတယ်။ ဘိန်းဖြူသမားတွေထဲမှာ အတော်ရှားတယ်။ မရှိသလောက်ပဲ။ သူက ခုလို ပြောရှာတယ်။

"ဆောရီးပါ ဘော်ဒါရယ်၊ လမ်းပိတ်ထားသလို ဖြစ်နေလား မသိ၊ ဖယ်ပေးပါ့မယ်"

အရှေ့ပိုင်းလေ ခပ်ထူထူနဲ့ သူပြောတယ်။ သူ့ကိုစွပြီးသွားပြီထင်တယ်။ မျက်လုံးတွေ ကြည့်ရတာ ရီဝေမှိုင်းနေပြီလေ။

သူ့ကို သွားခိုင်းလိုက်တယ်။ သူ့ကို မျက်စိနဲ့ မြင်နေမှ စိတ်ချရမယ်လေ။ ဆေးသမားတွေအကြောင်း ဆေးသမားဟောင်းက အသိဆုံး မဟုတ်ဘူးလား။

သူ ငါးထပ်ထိ ဒယီးဒယိုင်နဲ့ တက်သွားတယ်။ ဓာတ်လှေကားဆီ ဦးတည်သွားနေတာ။

ဘော့ပ်ဟာ ကျွန်တော့်နောက်ကနေ လိုက်တက်လာတယ်။ အခန်းထဲရောက်မှ လုံခြုံမှာမို့ ကျွန်တော်တို့ အခန်းဆီ ဦးတည် လျှောက်ကြတယ်။ အခန်းသော့ဖွင့်နေတုန်း ဘော့ပ်ဆီက ငိုးခနဲ အော်သံကြားတယ်။ လှည့်ကြည့်လိုက်တဲ့အခါ ဟို ဆေးသမားဟာ လဲသွားတာကို တွေ့လိုက်ရတယ်။ အာလူးအိတ် ပစ်ချလိုက်တဲ့ အတိုင်း ဝုန်းခနဲပဲ။

"ဟေ့လူ ဟေ့လူ အဆင်ပြေရဲ့လား"

ကျွန်တော် သူ့ဆီ ပြေးသွားမိတယ်။ အဆင်မပြေပါဘူး။ သေသေချာချာကို အဆင်မပြေတာပါ။

အဆင်မပြေရုံမက အခြေအနေဆိုးနေတယ်။ အသက်ရှူပုံကို မရတော့ဘူး။

"ဘုရားရေ၊ ဒီဘဲ ဆေးလွန်နေပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အဲသလို အသံထွက်သွားတယ်။ တကယ်ပဲ ဆေးလွန်တဲ့ လက္ခဏာလေ။

ကျွန်တော့်မှာ နိုခီယာအပေါစားလေး တစ်လုံး ရှိနေလို့ ကံကောင်းသွားတယ်။ ၉၉၉ ကို ခေါ်တယ်။ အရေးပေါ် လူနာတင်ယာဉ် လွှတ်ခိုင်းတယ်။ ဖုန်းဖြေတဲ့အမျိုးသမီးက လိပ်စာမေးတယ်။ အနည်းဆုံး ဆယ်မိနစ်တော့ကြာမယ်လို့ ပြောတယ်။

"သူ့အခြေအနေလေး ပြောပေးနိုင်မလား"

သူ့အသံက တည်ငြိမ်နေတယ်။ တကယ့် ပညာသည်အသံပါ။

"သတိမရဘူးခင်ဗျ၊ အသက်လည်းမရှူဘူးထင်တယ်၊ အသားအရေက အရောင်ပြောင်းနေပြီ"

"အိုကေ၊ နှလုံးရပ်သွားတယ်ထင်တယ်၊ အရေးပေါ် နှလုံးနှိုးဆွမှု လုပ်တတ်လား"

"လုပ်တတ်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ် ပြောပြရင် ကောင်းမယ်၊ သေချာစနစ်တကျ လုပ်ချင်လို့ပါ"

တစ်ဖက်က အမျိုးသမီးက အရင်ဆုံး ဆေးသမားရဲ့ လေပြွန်တွေ မပိတ်အောင် လုပ်ဖို့ပြောတယ်။ ကျွန်တော် သူ့ကို ပက်လက်လှန်လိုက်တယ်။ ခေါင်းကို မော့ထားလိုက်တယ်။ ပြီးတော့ သူ့နှလုံးကို စည်းချက်ကျကျ ဖိတယ်။ ပါးစပ်နဲ့ လေမှုတ်သွင်းတယ်။

သူ့ရင်ဘတ်ပေါ် လက်နှစ်ဖက်ယှက်ပြီး စည်းချက်ကျကျ နှိပ်၊ အကြိမ် သုံးဆယ်ပြည့်တော့ ရပ်၊ သူ့အခြေအနေကို စစ်။ အရေးပေါ်လိုင်းက အမျိုးသမီးက ဖုန်းကိုင်ထားတုန်းပဲ။

"တုံ့ပြန်မှု ရှိလား"

"မရှိဘူး၊ အသက်မရှူသေးဘူး၊ ထပ်ကြိုးစားကြည့်မယ်"

ကျွန်တော် အကြိမ်ပေါင်းများစွာလုပ်တယ်။ ပါးစပ်ချင်းတေ့ပြီးလည်း လေမှုတ်သွင်းတယ်။ နောက်မှ ပြန်စဉ်းစားကြည့်တော့ အဲဒီတုန်းက ကျွန်တော် အင်မတန် တည်ငြိမ်နေတာကို အံ့တောင်သြမိတယ်။ ဦးနှောက်ရဲ့ အလုပ်လုပ်ပုံဟာ ဆန်းကြယ်သားပဲ။ စိတ်လှုပ်ရှား ပျာယာခတ်နေရမယ့်အစား ကျွန်တော်ဟာ အင်မတန် စိတ်ငြိမ်နေတယ်။ သူ့နှလုံးပြန်ခုန်လာဖို့၊ သူ အသက်ပြန်ရှူလာဖို့ကိုသာ

mgyoe.com